# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**The Mirror Daily**

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝင်္ဂ(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday, 8 February 2024 ၁၁၃၆၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ချောင်းသာကမ်းခြေသို့ လာရောက်အပန်းဖြေအနားယူကြသူများကို တွေ့ရစဉ်။

# ဇန်နဝါရီလအတွင်း ချောင်းသာကမ်းခြေသို့ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည် လေးသောင်းကျော် လာရောက်လည်ပတ်

ချောင်းသာ ဖေဖော်ဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ရှိ ချောင်းသာကမ်းခြေ၌ ယခုနှစ် ဇန်နဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပမှခရီးသွားဧည့်သည် ၄၄၅၈၅ ဦး လာရောက်လည်ပတ် အပန်းဖြေအနားယူခဲ့ကြကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းသက်သာလာသည့်နောက်ပိုင်း ချောင်းသာကမ်းခြေ၌ ခရီးသွားဧည့်သည်ဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့သည်။ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပြည်တွင်းခရီးသွားဧည့်သည် ၄၄၃၉၀ နှင့် နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁၉၅ ဦးဖြင့် စုစုပေါင်း ၄၄၅၈၅ ဦးရှိခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ချောင်းသာရုံးခွဲမှ သိရသည်။

ချောင်းသာကမ်းခြေသည် တစ်မိုင်ခွဲခန့် အရှည်ရှိပြီး ပြည်တွင်း ပြည်ပခရီးသွား ဧည့်သည်များ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

**ယနေ့ ဖတ်စရာ**

**ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘ၊ ညီအစ်ကို မောင်နှမများနှင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ကြာရှည်ထာဝရ တည်တံ့ခိုင်မြဲလိုပါက ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စု သစ္စာတရားကို အစဉ်ထားရှိခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိပါ၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စု သစ္စာတရားသည်သာလျှင် ပြည်ထောင်စုကြီးတစ်ခုလုံး ကမ္ဘာတည်သမျှ ကြာရှည်ထာဝရ အဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲခြင်း၏ ဇီဝဓမ္မတာတရားပင်ဖြစ်**

ဆောင်းပါး စာမျက်နှာ » ၆

**(၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့ တောင်ကြီးမြို့၌ ကျင်းပ**

စာမျက်နှာ » ၄

**ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်စေရန်နှင့် လယ်ယာကဏ္ဍတွင် အဓိကကျသည့် သီးနှံစိုက်ပျိုးသည်မှ ကုန်ချောဖြစ်သည်အထိ သီးနှံကွင်းဆက်တစ်ခုလုံး၌ တောင်သူများ၊ ဆီစက်လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်**

စာမျက်နှာ » ၈

# လယ်မြေ ၁၀ ဧကအထက်ပိုင်ဆိုင်သော တောင်သူကြီးများအား ချေးငွေထုတ်ချေးခြင်းကို လာမည့်အပတ်တွင် စတင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

လယ်မြေ ၁၀ ဧကအထက်ပိုင်ဆိုင်သော တောင်သူကြီးများအား ချေးငွေထုတ်ချေးပေးသွားမည်ဖြစ်ရာ အဆိုပါ လုပ်ငန်းစဉ်ကို လာမည့်ရက်သတ္တပတ်အတွင်း စတင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍




ကြေးမုံ

# ပြည်ထောင်စုကို ကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်ရှိ ပြည်ထောင်စုနိုင်ငံများတွင် မြန်မာနိုင်ငံသည် တစ်မူထူးခြားသည့် ဝိသေသလက္ခဏာများ ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ ရေမြေသဘာဝ မတူခြားနားမှုများနှင့်အတူ တိုင်းရင်းသားလူမျိုးတစ်ရာကျော်တို့ ကွဲပြားသော ဓလေ့စရိုက်များဖြင့် နှစ်ပေါင်းများစွာကြာမြင့်အောင် အေးချမ်းစွာ အတူပေါင်းစည်းနေထိုင်ခဲ့သော နိုင်ငံဖြစ်သည်။

ထိုသို့နှစ်ကာလကြာရှည်စွာ ကမ္ဘာ့အလယ်တွင် တည်တည်ငြိမ်ငြိမ် သိက္ခာရှိရှိ နေထိုင်ခဲ့ပြီးနောက် မြန်မာနိုင်ငံကို မတရားကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီး ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်သောအခါ ကုပ်သွေးစုပ်အမြတ်ထုတ် သွေးခွဲအုပ်ချုပ်ခြင်းခံခဲ့ရသည်။ တောင်တန်း-ပြည်မ စိတ်ဝမ်းကွဲပြားခဲ့ကြသည်။ ကိုလိုနီစနစ်၏ သွေးခွဲအုပ်ချုပ်လိုမှုများကြောင့် တောင်တန်း-မြေပြန့်၊ ပြည်နယ်-ပြည်မ တစ်ပေါင်းတည်း အတူတကွ လွတ်လပ်ရေးရရှိအောင် အခက်အခဲများစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။

လွတ်လပ်ရေးရရှိသောအခါ သွေးခွဲခံခဲ့ရသည့် အမွေဆိုးကြောင့် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။ လွတ်လပ်ရေးရရှိပြီးနောက် နှစ်ပေါင်း ၇၀ ကျော်ကြာခဲ့ပြီဖြစ်သော်လည်း သွေးကွဲခြင်း၏ အမွေဆိုးများကို ယနေ့ထက်တိုင် ခံစားနေရဆဲဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်း အတူတကွ နေထိုင်လာခဲ့ကြသည့် ရှေးကာလက ပြည်ပအန္တရာယ်များကို တိုင်းရင်းသားအားလုံး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် လက်တွဲပူးပေါင်း တွန်းလှန်ခဲ့ကြသော်လည်း လွတ်လပ်ရေးရရှိပြီးသောအခါ စည်းလုံးညီညွတ်မှုပျက်ပြားပြီး ပြည်ထောင်စုသားအချင်းချင်း ပဋိပက္ခများဖြစ်ပွားနေသည်မှာ သတိပြုသင့်သောအချက်ဖြစ်သည်။

ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများသည် ပြည်ထောင်စုအရေးလော၊ တိုင်းရင်းသားအရေးလော၊ အာဏာထူထောင်လိုမှု ကိုယ်ကျိုးစီးပွားရလိုမှု အရေးလောဟူသည်များကို သေချာလေ့လာပြီး ဆင်ခြင်သုံးသပ်ကြည့်နိုင်ရမည်ဖြစ်သည်။ တိုင်းရင်းသားအရေးဆိုလျှင် ဥပဒေဘောင်အတွင်းမှ နိုင်ငံရေးနည်းဖြင့် အဖြေရှာလျှင် ရနိုင်ပေသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံရေးနည်းဖြင့် အဖြေရှာဆောင်ရွက်နိုင်ရန်အတွက် စစ်မှန်သည့်ဒီမိုကရေစီလမ်းကြောင်းကို တည်ဆောက်ပေးလျက်ရှိသည်။ ကိုယ်ကျိုးစီးပွားအတွက်ဆိုလျှင် ပြည်ထောင်စုကြီး ပျက်စီးစေမည့်အရေးဖြစ်၍ ဝိုင်းဝန်းလက်တွဲ ကာကွယ်ကြရမည်ဖြစ်သည်။

လက်ရှိတွင် တိုင်းရင်းသားဒေသများ၌ လက်နက်ကိုင်ပဋိပက္ခများ ဖော်ဆောင်နေခြင်း၊ တိုက်ပွဲများဖြစ်ပွားနေခြင်း၊ ဆူပူအကြမ်းဖက် ဖျက်ဆီးနှောင့်ယှက်မှုများ ဖြစ်ပေါ်နေခြင်းတို့ကြောင့် ပြည်သူလူထုနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဒုက္ခများစွာတို့ကို ကြုံတွေ့ခံစားနေကြရသည်။ ထို့အပြင် ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး ဘုရားစေတီပုထိုးများအပါအဝင် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ၊ အဆောက်အအုံစသည်တို့ ဖျက်ဆီးခံရမှုများမှာ လွန်စွာအကျည်းတန် အရုပ်ဆိုးလှသည်။ ထို့ကြောင့် ဒေသတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေရုံသာမက တိုင်းပြည်အတွက်ပါ အန္တရာယ်ရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းပြည်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် စည်းလုံးညီညွတ်ရေးကို တည်ဆောက်ပြီး တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်မြှင့်တင်ရမည့် အချိန်အခါဖြစ်သည်။ သက်ဆိုင်သူအားလုံးနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး ဖြစ်ထွန်းရေးအတွက် အလေးအနက်ထား စဉ်းစားချင့်ချိန် ဆောင်ရွက်သင့်သည့် အချိန်ကာလဖြစ်သည်။ အချိန်မနှောင်းခင် တိုင်းပြည်ကို ပြန်လည်တည်ဆောက်ပြီး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။ အချိန်နှောင်းလျှင် နှောင်းသလောက် တိုင်းပြည်အတွက် အကျိုးယုတ်နိုင်ပြီး အန္တရာယ်ကြီးမားလာနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ အပြုနှင့်အဖျက်ကို ခွဲခြားရှုမြင်ပြီး ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးတို့ကို အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့၏ဆန္ဒအမှန်မှာ တိုင်းပြည်အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးပင် ဖြစ်သည်။ ပြည်သူလူထု၏ဆန္ဒကို အကောင်အထည်ဖော်ရန်အတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ အားလုံးလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးတို့သည် ပြည်ထောင်စုသားအချင်းချင်း သွေးမကွဲကြဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစ်ဦးနှင့်တစ်ဦး နားလည်စာနာမှု၊ ခွင့်လွှတ်မှု၊ ရိုင်းပင်းကူညီမှုတို့ဖြင့် တိုင်းပြည်အေးချမ်းသာယာဝပြောပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးဖော်ဆောင်ရေးကို ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇-၂-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၇၀၀ | ၁၃၀ | ၁,၁၂၁,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၂၈၇ | ၃,၇၂၄,၈၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၂၂ | ၁၇၃,၈၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၄၃၇ | ၆၅၈,၃၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၂၄၃ | ၄၄၉,၈၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၁ | ၄,၈၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၅၈ | ၁၀၁,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ(၁/၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကိုယနေ့နံနက်ပိုင်း တွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်း မှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာ စကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကုန်သွယ်မှု နှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် နှင့်အတူ ကော်မတီအဖွဲ့ဝင်များ၊ အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကုန်သွယ်မှုနှင့် ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန် စေရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်း မှုများ မှန်ကန်မြန်ဆန်စေရေးဗဟို ကော်မတီအနေဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်နှင့် အညီ ပြည်တွင်းပြည်ပ ကုန်သွယ်မှု လုပ်ငန်းများ မှန်ကန်မြန်ဆန် အောင် သက်ဆိုင်ရာကဏ္ဍများ အလိုက် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး လျက်ရှိပါကြောင်း။

နိုင်ငံတော်နှင့် ပြည်သူများ၏ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင် ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး နှင့် ဝန်ဆောင်မှုဆိုင်ရာ အထွေထွေ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့် စက်သုံးဆီ ကဏ္ဍကို ဦးစားပေးသွင်းကုန် အနေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ စက်သုံးဆီကိုပြည်သူများသက်သာ သည့်ဈေးနှုန်းနှင့် ဝယ်ယူနိုင်ရန် အမြဲမပြတ် ကြပ်မတ်ဆောင်ရွက် လျက်ရှိပါကြောင်း၊ ပုဂ္ဂလိက စက်မှုကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေး ကဏ္ဍ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်း နှင့် ဟိုတယ်လုပ်ငန်းများ၊ အစိုးရ တင်ဒါလုပ်ငန်းများနှင့် ကျန် လုပ်ငန်းများတွင် လိုအပ်သည့် စက်သုံးဆီများကို လွတ်လပ်စွာ တင်သွင်းနိုင်ရေး စီမံဆောင်ရွက် ပေးထားပါကြောင်း၊ စက်သုံးဆီ တင်သွင်းလိုသည့် ကုမ္ပဏီအသစ် များကို စနစ်တကျစိစစ်ခွင့်ပြုပေး သွားမည်ဖြစ်ကြောင်း၊ စက်သုံးဆီ များကို ပြည်သူအများ လုံလောက် စွာ အသုံးပြုနိုင်ရေးနှင့် တရားမဝင် စက်သုံးဆီများ ရောင်းချမှုမရှိစေ ရေး အလေးထားကြပ်မတ်ဆောင် ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသ ကြီး/ပြည်နယ်များတွင် တရားမဝင် စက်သုံးဆီ ဖမ်းဆီးရမိမှုမှာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ၆၅ မှု၊ စက်သုံးဆီ ၂၉၈ ဒသမ ၀၅၇ တန်၊ ခန့်မှန်းတန်ဖိုး ၇၃၈ ဒသမ ၃၉၂ ကျပ်သန်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ အတွင်း ၁၄ မှု စက်သုံးဆီ ၇၄ ဒသမ ၂၂၅ တန် ခန့်မှန်းတန်ဖိုး ၁၇၆ ဒသမ ၄၂၉ ကျပ်သန်း ဖြစ်ပါကြောင်း။

**အလွယ်တကူရှာဖွေနိုင်**

ပြည်သူများ ခရီးသွားလာရာ တွင် နီးစပ်ရာစက်သုံးဆီ အရောင်း ဆိုင်၌ လိုအပ်သောစက်သုံးဆီ အမျိုးအစားကို လိုအပ်သည့် အတိုင်း အလွယ်တကူ ဝယ်ယူနိုင် ရန် မိမိရောက်ရှိနေသည့်နေရာမှ မိုင် ၃၀ အတွင်းရှိ အရောင်းဆိုင် များကို အလွယ်တကူရှာဖွေနိုင်ပြီး အသင့် ဝယ်ယူနိုင်မည့်အပြင် Monitoring ပြုလုပ်မည့်ဌာနများ ကလည်း စက်သုံးဆီအရောင်းဆိုင် များရှိ စက်သုံးဆီအမျိုးအစား အလိုက် လက်ကျန်အခြေအနေ များ၊ ရောင်းချသည့်ဈေးနှုန်းများ ကို ကြည့်ရှုစစ်ဆေးနိုင်မည့် Software Application တစ်ခုကို ရေးဆွဲလျက်ရှိကြောင်း၊ ယခု ဖေဖော်ဝါရီလမှစ၍ နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ စက်သုံးဆီအရောင်းဆိုင် ၁၀၇ ဆိုင် တွင် Pilot Project အဖြစ် စမ်းသပ် ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက် လျက်ရှိပါကြောင်း။

ပြည်တွင်း ဈေးကွက်၌ အရောင်းအဝယ်ပြုရမည့် အခြေခံ စားအုန်းဆီ လက်ကားရည်ညွှန်း ဈေးနှုန်းကို အပတ်စဉ် ထုတ်ပြန် ပေးလျက်ရှိပြီး စားသုံးဆီများကို နေပြည်တော်အပါအဝင် တိုင်း ဒေသကြီး/ ပြည်နယ် အလိုက် လိုအပ်ချက်များကို စိစစ်၍ စနစ်တကျ ဖြန့်ခွဲပေးလျက်ရှိကာ ဈေးကွက်/ဈေးနှုန်း တည်ငြိမ်စေ ရေးအတွက် ဆောင်ရွက်လျက်ရှိပါ ကြောင်း။

**ပို့ကုန်ရငွေများပိုမိုဝင်ရောက်**

စက်သုံးဆီ ကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများ တင်သွင်း ခြင်းဆိုင်ရာ အခက်အခဲကိစ္စရပ် များ၊ စက်ရုံများပုံမှန် လည်ပတ် ရေးအတွက် စက်ပစ္စည်းများ၊ စက်အပိုပစ္စည်းများ တင်သွင်းနိုင် ရေး၊ သက်ဆိုင်ရာဌာနများနှင့် ကုန်သည်လုပ်ငန်းရှင်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ပါကြောင်း၊ ပဲခူးစက်မှုဇုန်အတွင်းရှိ စက်ရုံများအတွက် လိုအပ်သော စက်သုံးဆီများကို ပဲခူးတိုင်းဒေသ ကြီးအတွင်းရှိ စက်သုံးဆီဆိုင်များ မှ ရောင်းချပေးနိုင်ရေး၊ ပဲခူးတိုင်း ဒေသကြီး စက်မှုဇုန်အတွင်း စက်ရုံ များ လည်ပတ်နိုင်ရေးအတွက် အလုပ်ချိန်အတွင်း လျှပ်စစ် ဓာတ်အားရရှိရေး၊ စက်မှုလုပ်ငန်း သုံးဓာတုပစ္စည်းများ တင်သွင်းရာ ၌ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါ ကြောင်း၊ မြောင်းတကာစက်မှုဇုန် တွင် လျှပ်စစ်ဓာတ်အားအချိန်နှင့် တစ်ပြေးညီရရှိရေး၊ စက်မှုဇုန်များ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိနိုင်ရေး၊ LNG ဖြင့် လျှပ်စစ် ဓာတ်အား ထုတ်လုပ်နိုင်ရေးတို့ကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါ ကြောင်း၊ ပြည်ပသို့ ပို့ကုန်တင်ပို့ ပြီးနောက် ပို့ကုန်ရငွေပြန်လည် ဝင်ရောက်ရန် ကျန်ရှိသောကုမ္ပဏီ များမှ ပို့ကုန်ရငွေများ ပြန်လည် ဝင်ရောက်မှုအား အလေးထား ကြပ်မတ် ဆောင်ရွက်ခဲ့မှုကြောင့် ပို့ကုန်ရငွေများ အလားတူကာလ ထက် ပိုမိုဝင်ရောက်ခဲ့ပါကြောင်း။

ပို့ကုန်လုပ်ငန်းရှင်များ လုပ်သာ ကိုင်သာရှိပြီး အကျိုးအမြတ်များ ရရှိရန်နှင့် ပြည်ပပို့ကုန်များ ပိုမို တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ပို့ကုန် တင်ပို့သူများအနေဖြင့် ပို့ကုန် တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေ ပမာဏ ( ၅၀ : ၅၀ ) ရာခိုင်နှုန်း အစား ( ၃၅ : ၆၅ ) ရာခိုင်နှုန်းကို အဆင့်ဆင့်ဖြေလျှော့ ဆောင်ရွက် ပေးခဲ့ပါကြောင်း။

ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင် ရန်နှင့် ရော်ဘာတင်ပို့မှုလုပ်ငန်း များ တိုးမြှင့်ဆောင်ရွက်နိုင်ရန် အတွက် ရာသီချိန်ကာလ(၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အထိ) ရော်ဘာတင်ပို့ မှုမှ ရရှိသောပို့ကုန်ရငွေဖြင့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး တင်သွင်းခြင်းအား ဆောင်ရွက် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ထို့ပြင် လယ်ယာထွက်ကုန်များ ဖြစ်သည့် ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့် ပြောင်း တင်ပို့မှုများ တိုးမြှင့်ဆောင်ရွက်နိုင် ရန် ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့် ပြောင်း တင်ပို့မှုမှရရှိသော ပို့ကုန်ရငွေဖြင့် စက်သုံးဆီနှင့် စားသုံးဆီ တင်သွင်း ခြင်းအား ဆောင်ရွက်ခွင့်ပြုပေးခဲ့ ပါကြောင်း။

**ရေးရှူဆောင်ရွက်**

ပြည်တွင်း/ပြည်ပ ကုန်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထု အကျိုးစီးပွားကို ရှေးရှု ဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု များ မှန်ကန်မြန်ဆန်စေရေး၊ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ပို့ကုန်ကဏ္ဍ တိုးမြှင့်ရေးတို့ကို အဓိကထား ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် တက်ရောက် လာကြသည့် ဗဟိုကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်း ဆောင်ရွက်ကြစေလို ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု များ မှန်ကန်မြန်ဆန်စေရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍ အလိုက် ရှင်းလင်းဆွေးနွေးတင်ပြ ကြရာ ကုန်သွယ်မှုနှင့်ကုန်စည်စီး ဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရှင်းလင်းဆွေးနွေး တင်ပြမှုများအပေါ် လိုအပ်သည် များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြား ကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ သည်။

**သတင်းစဉ်**

---

❂ ရှေ့ဖုံးမှ


ဝင်ရောက်မှုရှိသော်လည်း ပြည်တွင်းခရီးသွား ဧည့်သည်များ ပိုမိုကြိုက်နှစ်သက်သည့် ကမ်းခြေ တစ်ခုဖြစ်လာရာ အနယ်နယ်အရပ်ရပ်မှ လာရောက် အပန်းဖြေအနားယူကြသူများဖြင့် စည်ကားတတ်ပြီး မိသားစုအဖွဲ့များ၊ သူငယ်ချင်းများ၊ ရုံးအဖွဲ့များနှင့် ကုမ္ပဏီများမှ အစုလိုက်အဖွဲ့လိုက်တို့ဖြင့် လာရောက် အပန်းဖြေအနားယူကြကြောင်း သိရသည်။

ပုသိမ်မြို့အနောက်ဘက် ကီလိုမီတာ ၄၀ အကွာ တွင် တည်ရှိသော ချောင်းသာကမ်းခြေသို့ ရန်ကုန်မြို့ မှ ကားဖြင့်လာရောက်ပါက ငါးနာရီခန့်သာ မောင်းနှင် ရပြီး ကမ်းခြေသည် ထင်းရှူးပင်နှင့် အုန်းပင်များဖြင့် ထူးခြားလှပနေရာ ညနေနေဝင်ချိန်တွင် ရှုမငြီးနိုင် သည့် ကမ်းခြေ၏ ညနေဆည်းဆာအလှများကို တစ်ဝကြီးရှုစားနိုင်မည်ဖြစ်၍ လတ်ဆတ်သည့် ပင်လယ်လေပြည်များကို ခံစားနိုင်ကြောင်းလည်း သိရသည်။

ထို့ပြင် ဈေးနှုန်းချိုသာ၍ လတ်ဆတ်ပြီး အရသာ ကောင်းမွန်သော ပင်လယ်စာအစားအစာများ ပေါများရာ လာရောက်အပန်းဖြေလည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအတွက် အကြိုက်ဖြစ်စေသောကြောင့် နှစ်ခြိုက်စွာစားသုံး တတ်ကြပြီး ချောင်းသာကမ်းခြေသည် ရုံးပိတ်ရက် များအတွင်း လာရောက်အပန်းဖြေအနားယူကြသူများ ဖြင့် ပုံမှန်စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ၊ ဓာတ်ပုံ - စိုးမြင့်အောင်**

---



မုဒုံမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဖုန်းမြင့်အေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၅ ရက်က နေအိမ်များတွင် မီးများစနစ် တကျသုံးစွဲမှု ရှိ၊ မရှိ စစ်ဆေးစဉ်။

အောင်မျိုးသူ(ပြန်/ဆက်)

# (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့ တောင်ကြီးမြို့၌ ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၇**

(၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဘရှေနှင့် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသိန်းဇံ၊ ဒေါက်တာ စိုးဝင်း၊ Jeng Phang နော်တောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများ တက်ရောက်ကြသည်။



(၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပစဉ်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က ဖတ်ကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေ၊ ခွန်စံလွင်နှင့်အဖွဲ့ဝင်များ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများကို ကြည့်ရှုအားပေးစဉ်။

**မိန့်ခွန်းပြောကြား**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများဖွင့်ပွဲကို ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေ၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒေါက်တာစိုးဝင်း၊ Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များက တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ MSME ပြခန်းများကို လှည့်လှည်ကြည့်ရှုအားပေးကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများအား ဂုဏ်ထူးဆောင်ဆုချီးမြှင့်ပွဲကို မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများကိုချီးမြှင့်ရာ စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု (ဒုတိယအဆင့်၊ တတိယအဆင့်) ရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေက လည်းကောင်း၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု (ပထမအဆင့်)ရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒေါက်တာစိုးဝင်း၊ Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်နှင့် တာဝန်ရှိသူတို့က လည်းကောင်း၊ စိုက်ပျိုးရေးဆိုင်ရာထူးချွန်ဆု(တတိယအဆင့်) မွေးမြူရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယအဆင့်)၊ လူမှုရေးဆိုင်ရာထူးချွန်ဆု(ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်) ရရှိသူများနှင့် အားကစားထူးချွန်ဆု (ပထမအဆင့်၊ တတိယအဆင့်) ရရှိသူများကို ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ် တောင်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် မီးပုံးပျံခတ်ပုံပြိုင်ပွဲ ဆုရရှိသူများအား ဆုများချီးမြှင့်ရာ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ပေးခဲ့ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ရှမ်းပြည်နယ်အတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က လက်ခံရယူကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူမြို့၌ (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား ကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရှမ်းလူငယ်အသင်း (တောင်ငူ) က ဦးဆောင်၍ (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကေတုမတီ ဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ နာယကကြီး လုင်းစိုင်းမုဂ္ဂကနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ထို့နောက် (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းအောင်အောင်က အမှာစကားပြောကြားပြီး ရှမ်းသမိုင်းပညာရှင် ဒေါက်တာ စိုင်းဆမ်အိုက်က ရှမ်းပြည်နယ်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တောင်ငူမြို့နယ် ရှမ်းရွာအသီးသီးမှ ရှမ်းတိုင်းရင်းသားများက အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်သည်များအား ရှမ်းရိုးရာယဉ်ကျေးမှုအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းအောင်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နီနီဝင်းသန်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များက ရှမ်းပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

# တာချီလိတ်မြို့၌ (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား ကျင်းပ

**တာချီလိတ် ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက ဆေခမ်းရပ်ကွက်ရှိရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းရုံးဝင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုက ဖတ်ကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်ထံမှ ပေးပို့သည့်သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦးကျော်က ဖတ်ကြားကာ ရှမ်းပြည်နယ်နေ့ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းနာယက ဦးစိုင်းမုတ်နွန်းက ရှမ်းဘာသာဖြင့် ရှင်းလင်းပြောကြားသည်။




ထို့နောက် (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့နှင့်အတူ မြို့နယ်အတွင်းရှိ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့တို့က ရိုးရာအဆိုအကများဖြင့် ဂုဏ်ပြုတင်ဆက်ပြီး ပညာရေးနှင့် အားကစားကဏ္ဍတွင် ထူးချွန်ဆုရရှိသူများနှင့် အခမ်းအနားဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးကြသူများအား စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီးသူရဇော်လွင်စိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ခရိုင်(ပြန်/ဆက်)**

## အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀-၂-၂၀၂၄ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းနှင့် ၁၂-၂-၂၀၂၄ ရက်နေ့ ၀၄:၀၀ အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကိုခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်သွားလာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့်တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား ယနေ့ ညနေ ၅နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံ အကျိုးတူကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဇောင်ချမ်းကုန်း - ဝက်စုကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်း-ဝက်စုကျေးရွာချင်းဆက်လမ်း ကွန်ကရစ် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း ဆောင်ရွက်မှုများနှင့်ပတ်သက်၍ သတ်မှတ်ချိန်အတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ် ငကောင်းကံအုပ်စု ဇောင်ချမ်းကုန်းကျေးရွာရှိ ကျေးလက်ဖွံ့ဖြိုးရေးခန်းမ၌ ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများနှင့်တွေ့ဆုံပြီး နေပြည်တော်အတွင်းပြည်တွင်းစားသုံးဆီ ဖူလုံရေးနှင့် ပြည်ပစားသုံးဆီ တင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ဆီထွက်သီးနှံများ စိုက်ပျိုးရာတွင် မြေပဲ၊ နှမ်း၊ နေကြာတို့ကို ဖြစ်ထွန်းနိုင်သည့် အနေအထားပေါ်မူတည်၍ စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူးက ဆိုလာရေတင်စနစ်ဖြင့် ဆောင်ရွက်သည့် ဆီထွက်သီးနှံဖြစ်သည့် နေကြာစိုက်ခင်းနှင့် VDP စီမံကိန်းရန်ပုံငွေဖြင့်ဆောင်ရွက်သည့် လူထုခန်းမလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများထံ သဘာဝဓာတ်မြေဩဇာများကို ထောက်ပံ့ပေးအပ်ရာ တောင်သူများကိုယ်စား ငကောင်းကံအုပ်စု အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက နေပြည်တော်အတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပန်းတိုင်အထွက်နှုန်းများ တိုးတက်ထွက်ရှိရေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် တောင်သူများက လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အနီးရှိ တပေါင်းကွင်းအတွင်း၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများနှင့် ရိုးရာအစားအစာ ခင်းကျင်းပြသရောင်းချနိုင်ရေးအတွက် ဆိုင်ခန်းများတည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

○ လယ်မြေမှ

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား ချေးငွေလျှောက်ထားရန် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလမှစ၍ ခွင့်ပြုပေးခဲ့ပြီး ယခုနှစ်ဇန်နဝါရီလကုန်ပိုင်းအထိ လယ်ဧက ခြောက်သောင်းခန့်အထိ ချေးငွေလျှောက်ထားခဲ့ပြီး ယင်းထဲမှ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးအချို့သို့ ဖေဖော်ဝါရီ ၁၅ ရက်မတိုင်မီ ထုတ်ချေးပေးနိုင်ရန်စီစဉ်နေကြောင်းလည်း ၎င်းက ပြောသည်။

“ပြီးခဲ့တဲ့အပတ်က ချေးငွေလျှောက်ထားတဲ့ ဧကငါးသောင်း၊ ခြောက်သောင်းလောက်ရှိပါတယ်။ အဲဒီထဲက စပြီးထုတ်ပေးလိုရတဲ့နေရာတွေကို လာမယ့်အပတ်ထဲ စထုတ်ပေးပါမယ်။ ဒီနေရာမှာ မြန်မာနိုင်ငံအထက်ပိုင်း နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး အစရှိသဖြင့် အပေါ်ပိုင်းမှာ နောက်မှထုတ်ပေးရမယ့်အနေအထားရှိပါတယ်။ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီး အစရှိတဲ့နေရာတွေကို ဖေဖော်ဝါရီ ၁၅ ရက်မတိုင်ခင်မှာ ထုတ်ပေးနိုင်အောင် စီစဉ်နေပါတယ်” ဟု ဦးရဲမင်းအောင်က ပြောသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တစ်ဧကလျှင် လေးသိန်းနှုန်းဖြင့် တစ်ဦးချင်း ပိုင်ဆိုင်မှုဧကအလိုက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးရန် အစီအစဉ်မျိုးလုပ်ဆောင်နေကြောင်းလည်း ၎င်းက ပြောသည်။

“ဆန်စပါးစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေအတွက် နိုင်ငံတော်ဘက်ကနေ စိုက်ပျိုးစရိတ်ချေးငွေပေးတာရှိတယ်။ ပုဂ္ဂလိကဘဏ်တွေနဲ့ချိတ်ဆက်ပြီးတော့စတင်ပြီး ပုဂ္ဂလိကဘဏ်ကနေ တစ်ဧကကို လေးသိန်းနှုန်းနဲ့ပေးဖို့ တောင်သူကြီးတွေ ဧကရှိသလောက် ၁၅ ဧကရှိတယ်၊ ဧက ၂၀ ရှိတယ်စသဖြင့်ဧကရှိသလောက်ကို စိုက်ပျိုးစရိတ်ချေးငွေပေးဖို့အစီအစဉ်မျိုးလည်း လုပ်နေတာတွေရှိပါတယ်”ဟု ဦးရဲမင်းအောင်က ပြောသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်၍ ကာလတိုချေးငွေကို ဧကစုစုပေါင်းတစ်သိန်းအထိ ထုတ်ချေးပေးရန် လျာထားဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **MT**



ဖေဖော်ဝါရီ ၇ ရက်က ကလောမြို့၌ ကျင်းပသည့် (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှပေးပို့သော သဝဏ်လွှာကို ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့် ဖတ်ကြားစဉ်။ သတင်းစဉ်

ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုသစ္စာ

**မောင်သမ္မာဒိဋ္ဌိ**

အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်သည် စည်းလုံးညီညွတ်ခြင်း၏ ဒိဋ္ဌဓမ္မ အကျိုးတရားကို "သမဂ္ဂါနံ တပေါ သုခေါ"=သမဂ္ဂါနံ-စည်းလုံးညီညွတ်သောသူတို့၏၊ တပေါ-အကျင့်သည်၊ သုခေါ-အေးချမ်းသာယာတိုးတက် ကြီးပွားစမြဲဖြစ်သည်ဟု "ဗုဒ္ဓဝစနံ သစ္စံ" အဖြစ် ဟောဖော်ညွှန်ပြတော်မူခဲ့သည်။ ထို့ပြင် အချင်းချင်း မသင့်မမြတ် မညီမညွတ်ဘဲ အတ္တအကျိုးစီးပွားကို ရှေ့တန်းတင် ကျင့်ကြံဆောင်ရွက်ကြလျှင် ပျက်စီးဆုံးရှုံးခြင်းဖြင့်သာ နိဂုံးချုပ်ရသည်ကိုလည်း မြတ်ဗုဒ္ဓသခင်က ခုဒ္ဒကနိကာယ် မဟာသုတသောမဇာတ်တော်ဖြင့် ဟသ်ာကိုးသောင်းပျက်စီးဆုံးရှုံး နိဂုံးချုပ်ခဲ့ရပုံကို ဟောဖော်ညွှန်ပြ ဆုံးမတော်မူခဲ့ပါသည်။

**ပြည်ထောင်စုသစ္စာ**

"ပြည်ထောင်စုဖွား တိုင်းရင်းသားတို့
ရေကိုသားသော် အကြားမထင်
ကြားမဝင်နိုင် မြဲခိုင်ရစ်ထုံး
ပုလဲကုံးနှယ် သည်းနှလုံးဝယ်
အမုန်းသင်္ချာ ထိုပုစ္ဆာကို
အဖြေရှာလျှင် မရေမရာ
မသေချာဘဲ ကမ္ဘာပျက်လည်း မရနိုင်
အခါခါဖျက်လည်း မပျက်နိုင်
ကမ္ဘာအဆက်ဆက် ချစ်ခင်လျက်မို့
လက်တွဲမည်သို့ဖြုတ်နိုင်ပါအံ့နည်း။"

စာရေးသူသည် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ဘယ်သူခွဲခွဲ၊ တို့မကွဲဘဲ လက်တွဲမဖြုတ်စတမ်း သစ္စာပန်းနှက်စိုက်ထူထားသော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုသစ္စာကို မော်ကွန်းသက်သေတည်စေရန်အလို့ငှာ အထက်ဖော်ပြပါ "ပြည်ထောင်စုသစ္စာ" အမည်ရှိကဗျာကို စာပန်းချီးမွမ်းကာ ကဗျာသီကုံးဖွဲ့ဆိုခြင်းဖြစ်ပါသည်။

**သူများလို တို့မရိုင်းတယ် တိုင်းသိပါရဲ့**

ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘညီအစ်ကိုမောင်နှမတို့သည် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်နှင့်ပြည်ထောင်စုသစ္စာကိုအရင်းခံထားသောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံသားဟူ၍ တည်ရှိနေခြင်းပင် ဖြစ်သည်။ နှစ်ပေါင်းထောင်နှင့်ချီ၍ ရေရှည်တည်တံ့လျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းသည် ပြည်ထောင်စုမျိုးချစ်စိတ်နှင့် ပြည်ထောင်စုသစ္စာရှိကြသူတို့၏ သမိုင်းသာ ဖြစ်ပါသည်။

"သက်ဆိုင်ရာ အကြောင်းကြောင့် သက်ဆိုင်သောအကျိုးသာဖြစ်သည်။ မသက်ဆိုင်သောအကျိုးတရားများ မဖြစ်ပေါ်ပါ"

သာဓကအားဖြင့် သရက်စေ့ကြောင့် သရက်ပင်သာပေါက်သည်။ ပိန္နဲပင် မပေါက်ပါ။ သက်ဆိုင်ရာအကြောင်းကြောင့် သက်ဆိုင်သောအကျိုးသာဖြစ်ပြီး မသက်ဆိုင်သောအကျိုး မဖြစ်ပေါ်ခြင်းသည် ဓမ္မတာနည်းဖြစ်သည်ဟု မြတ်ဗုဒ္ဓ၏ ဝိဘင်းအဋ္ဌကထာက ဆိုပါသည်။

ထိုသာဓကကဲ့သို့ပင် ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘ၊ ညီအစ်ကို မောင်နှမများနှင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ကြာရှည်ထာဝရတည်တံ့ခိုင်မြဲလိုပါက ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုသစ္စာတရားကို အစဉ်ထားရှိခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိပါ၊ ပြည်ထောင်စုမျိုးချစ် စိတ်ဓာတ်နှင့် ပြည်ထောင်စု သစ္စာတရားသည်သာလျှင် ပြည်ထောင်စုကြီးတစ်ခုလုံး ကမ္ဘာတည်သမျှကြာရှည်ထာဝရ အစွန်နဲ့ရှည်ကြာစွာ တည်တံ့ခိုင်မြဲခြင်း၏ ဓမ္မတာတရားပင် ဖြစ်ပါသည်။

အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို "ပထဝီဝင် နိုင်ငံရေးအမြင်" (Geo-Poitics Out Look) ဖြင့် ကြည့်မြင်မည်ဆိုပါလျှင် "တိုင်းရင်းသားလူမျိုးနွယ်စုပေါင်း ၁၃၀ ကျော်ဖြင့် ယဉ်ကျေးမှုကြွယ်ဝထွန်းကားသောနိုင်ငံ" (Country of polythnic and multiculture) တစ်နိုင်ငံအဖြစ် ဝိသေသထူးခြားစွာ တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သမိုင်းတစ်လျှောက်လုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားလာကြပြီး အေးအတူ ပူအမျှ၊ မရှိအတူ ရှိအတူ၊ ကောင်းတူဆိုးဖက်၊ ဥမကွဲ သိုက်မပျက် ရာသက်ပန် ပူးပေါင်းလက်တွဲ နေထိုင်ကြသည့် ဝံသာနုရက္ခိတတရားကို အစဉ်အမြဲ လက်ကိုင်ထားကြသူများဖြစ်ကြသည်။

ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်နယ်များအားလုံး၊ တိုင်းဒေသကြီးများအားလုံးတိုင်းတွင် မည်သည့်ပြည်နယ်၊ မည်သည့်တိုင်းဒေသကြီး၌မဆို တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းသာ သီးသန့်နေထိုင်ခြင်းမျိုး လုံးဝမရှိဘဲ ပြည်နယ်များနှင့် တိုင်းဒေသကြီးများအားလုံးမှာပင် ပြည်ထောင်စုတိုင်းရင်းသားများအားလုံး စုပေါင်းလက်တွဲနေထိုင်ကြသူများဖြစ်သည်မှာ အလွန်ထူးခြားသည့် တိုင်းရင်းသားဝိသေသလက္ခဏာတစ်ခုပင် ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုသည်မှာ လူမျိုးတစ်မျိုးတည်းသာ ပိုင်ဆိုင်ခြင်းမဟုတ်ပါ။ လွတ်လပ်ရေးကြိုးပမ်းမှုတွင်လည်း လူမျိုးတစ်မျိုးတည်းက ကြိုးပမ်း၍ အောင်မြင်ခဲ့ခြင်း မဟုတ်ပါ။ တိုင်းရင်းသားအသီးသီးတို့က အသက်နှင့် ခန္ဓာကိုယ်ကိုမငဲ့ဘဲ စွန့်လွှတ်စွန့်စားကာ အသက်သွေးချွေးပေးဆပ်၍ လက်ရုံးရည်ရော နှလုံးရည်တိုက်ပွဲများ

> **ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သမိုင်းတစ်လျှောက်လုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားလာကြပြီး အေးအတူ ပူအမျှ၊ မရှိအတူ ရှိအတူ၊ ကောင်းတူဆိုးဖက်၊ ဥမကွဲ သိုက်မပျက် ရာသက်ပန် ပူးပေါင်းလက်တွဲနေထိုင်ကြသည့် ဝံသာနုရက္ခိတတရားကို အစဉ်အမြဲ လက်ကိုင်ထားကြသူများဖြစ်**

> **ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုသည်မှာ လူမျိုးတစ်မျိုးတည်းသာ ပိုင်ဆိုင်ခြင်းမဟုတ်ပါ။ လွတ်လပ်ရေးကြိုးပမ်းမှုတွင်လည်း လူမျိုးတစ်မျိုးတည်းက ကြိုးပမ်း၍ အောင်မြင်ခဲ့ခြင်း မဟုတ်ပါ။ တိုင်းရင်းသားအသီးသီးတို့က အသက်နှင့် ခန္ဓာကိုယ်ကိုမငဲ့ဘဲ စွန့်လွှတ်စွန့်စားကာ အသက်သွေးချွေးပေးဆပ်၍ လက်ရုံးရည်ရော နှလုံးရည်တိုက်ပွဲများကို တက်ညီလက်ညီ ပူးပေါင်းလက်တွဲဆင်နွှဲခဲ့ခြင်းကြောင့်သာ နှစ်ပရိစ္ဆေဒပေါင်း ၁၂၄ နှစ်တိုင်အောင် ဆုံးရှုံးသွားခဲ့သော မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ခြင်းပင်ဖြစ်**

ကို တက်ညီလက်ညီ ပူးပေါင်းလက်တွဲဆင်နွှဲခဲ့ခြင်းကြောင့်သာ နှစ်ပရိစ္ဆေဒပေါင်း ၁၂၄ နှစ်တိုင်အောင် ဆုံးရှုံးသွားခဲ့သော မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ခြင်းပင် ဖြစ်သည်။

တိုင်းရင်းသားမိဘ ညီအစ်ကိုမောင်နှမများ၏ လက်နက်ကိုင်တိုက်ပွဲများနှင့် နိုင်ငံရေးတိုက်ပွဲများကို ကြည့်မည်ဆိုလျှင် မိမိတို့လူမျိုးနေထိုင်ရာဒေသတွင် မိမိတို့ လူမျိုးတစ်မျိုးတည်း သက်သက်ဖြင့် တိုက်ခိုက်ခဲ့ခြင်း မဟုတ်ဘဲ ကချင်တိုင်းရင်းသားများ နေထိုင်ရာဒေသတွင် ကချင်၊ ဗမာ၊ ရှမ်း တိုင်းရင်းသားများနှင့် ပူးပေါင်းလက်တွဲ၍လည်းကောင်း၊ ကယားတိုင်းရင်းသားများနေထိုင်ရာဒေသတွင် ကယား၊ ကရင်၊ ဗမာ၊ ရှမ်းတိုင်းရင်းသားများနှင့်ပူးပေါင်း၍လည်းကောင်း၊ ချင်းတိုင်းရင်းသားများ နေထိုင်ရာဒေသတွင် ချင်းတိုင်းရင်းသားများသည် ဗမာတို့နှင့်ပူးပေါင်း၍လည်းကောင်း၊ ရှမ်းတိုင်းရင်းသားတို့သည် ကချင်၊ ကယား၊ ဗမာတို့နှင့် ပူးပေါင်း၍လည်းကောင်း ကျူးကျော်လာခဲ့သည့် နယ်ချဲ့တိုင်းတစ်ပါးသားတို့အား ဆန့်ကျင်တော်လှန်တိုက်ခိုက်ခဲ့သည်များကို တွေ့ကြရပါမည်။

ဤလက်နက်ကိုင် ဆန့်ကျင်ရေးတိုက်ပွဲများ၊ နိုင်ငံရေးတိုက်ပွဲများသည် မြန်မာနိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြကုန်သော ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် အချင်းချင်းမည်မျှ သွေးစည်းခဲ့ကြကြောင်း၊ မည်မျှညီညွတ်ခဲ့ကြောင်း၊ မည်မျှ အသက်ပေး ချစ်ခင်ရင်းနှီးခဲ့ကြကြောင်း သက်သေပြလျက်ရှိသည့် သမိုင်းမော်ကွန်းမှတ်တိုင်များပင် ဖြစ်ကြသည်။

**သွေးခွဲအုပ်ချုပ်ရေးစနစ်နှင့် အမျိုးဘာသာ သာသနာ ချိုးနှိမ်ခံရခြင်း**

အင်္ဂလိပ်နယ်ချဲ့အစိုးရသည် ပြည်မနှင့် တောင်တန်းဒေသများကို "သွေးခွဲ အုပ်ချုပ်ရေးစနစ်" (Divide and Rule Policy) ကျင့်သုံးပြီး ထိုစဉ်က မြန်မာပြည်ဆိုင်ရာ အင်္ဂလိပ်ဘုရင်ခံ "ဆာဒေါ်မန်စမစ်" (Sir Doman Smith)၏ စက္ကူဖြူအုပ်ချုပ်ရေး စာတမ်းအရ ပြည်မကို "အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ဩဇာခံ ဓနသဟာယအဖွဲ့ဝင်နိုင်ငံ" (Common wealth State)အဖြစ် ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးမည်၊ ပြည်နယ်များတည်ရှိရာ တောင်တန်းဒေသများမှာ ဖွံ့ဖြိုးတိုးတက်မှု မရှိသေးသည်ကို အကြောင်းပြ၍ အင်္ဂလိပ်ဘုရင်ခံကိုယ်တိုင် အုပ်ချုပ်သွားမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ထိုစဉ်က အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ လျှို့ဝှက်အကြံအစည်မှာ တောင်တန်းဒေသများကို လွတ်လပ်ရေးမပေးဘဲ တမင်ချန်လှပ်ထားပြီး ဗြိတိသျှနေမဝင်အင်ပါယာကြီး၏ စစ်ရေးအင်အား ပိုမိုတောင့်တင်းသည်ထက် တောင့်တင်းအောင် တိုးချဲ့ရန် ပြည်နယ်များရှိရာ တောင်တန်းဒေသများကို စစ်ရေးအတွက် အသုံးချရန် ယုတ်မာကောက်ကျစ်စဉ်းလဲစွာ စီစဉ်ခဲ့ကြသည်။ ထိုလျှို့ဝှက်အစီအစဉ်ကို လန်ဒန်ရှိ ဗြိတိသျှအစိုးရအဖွဲ့၏ မြန်မာပြည်ဆိုင်ရာဝန်ကြီး (Secretary of State) က ၁၉၄၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် မြန်မာနိုင်ငံရှိအင်္ဂလိပ်ဘုရင်ခံထံသို့ လျှို့ဝှက်ပေးပို့ခဲ့သည်။

ထိုလျှို့ဝှက်စာကို ပင်လုံဦးဖေခင်(ဗိုလ်ချုပ်အောင်ဆန်းနှင့် ရန်ကုန်တက္ကသိုလ်တွင် ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးလည်းဖြစ်၊ ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင်တစ်ဦးလည်းဖြစ်ပြီး ပင်လုံစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သည့် မဟာသရေစည်သူဘွဲ့နှင့် နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်ရ အငြိမ်းစားသံအမတ်ကြီး)က ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ထိုစဉ်က အင်္ဂလိပ်မင်းကြီးရုံးမှ မျိုးချစ်ဝန်ထမ်းတစ်ဦး ဖြစ်သည့် ဦးညီပုနှင့် သစ္စာရှိမျိုးချစ်သတင်းထောက်တစ်ဦးဖြစ်သည့် ဦးစံအောင်တို့ထံမှ ရရှိထားခဲ့သည်။

ပင်လုံဦးဖေခင်သည် လျှို့ဝှက်စာကို ဖဆပလအဖွဲ့ချုပ်ထံ အပ်နှံလိုက်ပြီး ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နှင့် ၂၂ ရက်နေ့တို့တွင် ရွှေတိဂုံစေတီတော်ကြီး၏ အလယ်ပစ္စယံ၌ ကျင်းပပြုလုပ်ခဲ့သော ဖဆပလညီလာခံကြီးတွင် "တောင်တန်းဒေသများနှင့် မြန်မာပြည်မ ပူးပေါင်းရေးအဆို" တစ်ရပ်ကို တင်သွင်းခဲ့ရာ တစ်ခဲနက် အောင်မြင်စွာ ထောက်ခံခဲ့ကြသည်။

ထိုစဉ်က အင်္ဂလိပ်နယ်ချဲ့အစိုးရသည် ပြည်မနှင့် တောင်တန်းဒေသများ အဆက်အသွယ်မပြုလုပ်နိုင်အောင် "နယ်စပ်ဖြတ်ကျော်ရေးဥပဒေ" (Frontier Crossing Act) ကို ပြဋ္ဌာန်းပြီး ခွင့်ပြုချက်မရဘဲ ပြည်မနှင့် ပြည်နယ် ကူးလူးသွားလာပါက "နယ်နှင်ပြစ်ဒဏ်" ကို ချမှတ်ထားကာ သွေးခွဲအုပ်ချုပ်ခဲ့သည်။

ပင်လုံဦးဖေခင် ရန်ကုန်ဖဆပလညီလာခံမှ တောင်ကြီးမြို့သို့ ပြန်လည်ရောက်ရှိလာသောအခါ ရဲဝန်ထောက် "မစ္စတာဘတ်တဲလ်" (Mr.Battle) က "ပင်လုံဦးဖေခင်" အား တရားမဝင်နယ်စပ်ဖြတ်ကျော်မှုဖြင့် ဖမ်းဆီးချုပ်နှောင် ပြစ်ဒဏ်ပေးရန် စီစဉ်တော့သည်။ သို့ရာတွင် ကံအားလျော်စွာ ပင်လုံဦးဖေခင်၏ မှန်ကန်ဖြောင့်မတ်မှုကြောင့် ထိုစဉ်က နယ်ခြားဒေသ ညွှန်ကြားရေးဝန်က ဦးဖေခင်အား ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးခဲ့သည်။

စာမျက်နှာ ၇ သို့ ✷

✷ စာမျက်နှာ ၆ မှ

ထိုစဉ်က ရှမ်းပြည်နယ်မှ လူငယ်ခေါင်းဆောင်များ ဖြစ်ကြသည့် ဦးထွန်းမြင့်(လင်းခေး)၊ ဦးတင်ဧ (ရှမ်းပြည်)၊ ဦးထွန်းမြင့်(တောင်ကြီး)၊ ဦးစံဖေ၊ ဦးခွန်ထီး၊ ဦးအုန်းဖေ၊ ဦးသန်း၈၊ ဦးဘတင်၊ ဦးသုတ၊ ဦးအေးကျော်တို့သည်လည်း ဖဆပလ ပဏာမ ညီလာခံကြီးသို့ ရှမ်းပြည်နယ်မှ တိတ်တဆိတ် ကျော်ဖြတ်၍ လာရောက် စွန့်စားတက်ရောက်ခဲ့ကြရသည်။

အင်္ဂလိပ်နယ်ချဲ့အစိုးရသည် မြန်မာနိုင်ငံနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအပေါ် သွေးခွဲအုပ်ချုပ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသည် မြန်မာနိုင်ငံ၌သော်လည်းကောင်း၊ မြန်မာတိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်လည်းကောင်း မရှိစေဘဲ ထိုစဉ်က ဗြိတိသျှဘုရင်မကြီးနှင့် ဗြိတိသျှပါလီမန်လက်ဝယ်တွင်သာ ရှိစေရန် စီမံအုပ်ချုပ်ရေးပင် ဖြစ်ခဲ့သည်။

ဗြိတိသျှဘုရင်မကြီးက မြန်မာနိုင်ငံအား အုပ်စိုးပိုင်ခွင့်၊ ဗြိတိသျှပါလီမန်က မြန်မာနိုင်ငံအတွက် ဥပဒေများကို ပြဋ္ဌာန်းပိုင်ခွင့်၊ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ မြန်မာနိုင်ငံအတွက် ဥပဒေများကို ပြဋ္ဌာန်းပိုင်ခွင့်၊ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာဝန်ကြီးနှင့် ဘုရင်ခံတို့က အချက်အချာကျသော ကိစ္စရပ်များတွင် မြန်မာနိုင်ငံအား ၎င်းတို့၏စိတ်ကြိုက် စီရင်ပိုင်ခွင့်တို့ကို မြန်မာပြည်သူပြည်သားတို့ စောဒကမတက်နိုင်ရန် ဆောင်ရွက်ခဲ့ကြသည်။ ထိုစဉ်က မြန်မာနိုင်ငံ၏ အကြီးအကဲသည် အင်္ဂလိပ်ဘုရင်ခံသာဖြစ်ပြီး ဘုရင်ခံအား ကူညီဖြည့်ဆည်းရန် အတွင်းဝန်ရုံးနှင့် ဆောင်ရွက်ခဲ့ရာ မြန်မာတိုင်းရင်းသားအတွင်းဝန် အလွန်နည်းပါးခဲ့သည်။

အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ကိုလိုနီသူ့ကျွန်ဘဝတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားများ ကျွန်သက်ရှည်စေရေးအတွက် အင်္ဂလိပ်လူမျိုးကို အထင်ကြီးစေရန်နှင့် အင်္ဂလိပ်ယဉ်ကျေးမှုကို အထင်ကြီးစေရန် လုပ်ဆောင်ခဲ့ကြသည်။ အင်္ဂလိပ်နယ်ချဲ့တို့၏ ကြီးကျယ်ခမ်းနားပုံ သမိုင်းကြောင်းကို သင်ကြားစေခြင်း၊ မြန်မာမိဘနှစ်ပါး၏ သားသမီးများအား မြန်မာအမည်ထက် အင်္ဂလိပ်အမည်နာမကို ပေးရခြင်းအပေါ် ပိုမိုနှစ်သက်လာကြစေခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးကို အင်္ဂလိပ်နာမည်၊ အင်္ဂလိပ်အသံထွက်များဖြင့် ခေါ်ဝေါ်သုံးစွဲခဲ့ခြင်းတို့သည် တိုင်းရင်းသားအပေါင်း၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို တစ်မျိုးတစ်ဖုံ မှေးမှိန်အောင် ချိုးနှိမ်ခဲ့ကြသည်။

သာဓကအားဖြင့် စာရေးသူ၏ မိခင်ဖြစ်သူ မူလတန်းကျောင်းသူဘဝက နံနက် ကျောင်းတက်ခေါင်းလောင်းထိုးပါက ကျောင်းသား ကျောင်းသူတိုင်း တန်းစီမတ်တတ်ရပ်၍ ကိုလိုနီနယ်ချဲ့အရှင်သခင် ဂျော့ဘုရင်ဘုန်းတော်ဘွဲ့ကို သံပြိုင်ရွတ်ဆိုဆုတောင်းခဲ့ကြရသည်။ တကယ်တော့ ထိုစဉ်က ပြည်ထောင်စုမျိုးဆက်သစ် မူလတန်းပညာသင် အရွယ်ကလေးသူငယ်များကိုပင် မကျန်စေရန်

> ❛မြန်မာ့လွတ်လပ်ရေးနှင့်အတူ အင်္ဂလိပ်နယ်ချဲ့၏ သွေးခွဲအုပ်ချုပ်မှု အမွေဆိုးကြီးကြောင့် ပေါ်ပေါက်လာခဲ့သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၏ ဒဏ်ရာဒဏ်ချက်များ အဆုံးမသတ်နိုင်ကာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့မှာ အနိဋ္ဌာရုံ ဆိုးကျိုးခံစားကြရပြီး လွတ်လပ်ရေးရပြီး ၇၆ နှစ်တိုင်အောင် လွတ်လပ်ရေးအရသာကို မခံစားကြရဘဲ သမင်မွေးရင်းကျားစားရင်း အခြေအနေများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်ရစ်နေခဲ့ရ❜

ချန်လှပ်မထားဘဲ မြန်မာ့ဇာတိသွေး ဇာတိမာန်ကို ရိုက်ချိုးကာ ကျွန်စိတ်သပေါက်စိတ်ရှိအောင် အတင်းအဓမ္မ ရိုက်သွင်းခဲ့ကြသည်။

သည်ထက်ဆိုးရွားခဲ့သည်ကား ၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး အထက်မြန်မာပြည်ကိုပါ အပြီးသိမ်းပိုက်လိုက်ပြီး မန္တလေးရတနာပုံနန်းတော်ကြီးတွင် သီပေါဘုရင်နှင့် စုဖုရားလတ်တို့ကို ဖမ်းဆီးခဲ့ကြသည်။ ထို့နောက် အင်္ဂလိပ်ဗိုလ်ချုပ်ကြီး ပရင်ဒါဂတ်(General Prender gast) နှင့် အင်္ဂလိပ်အရာရှိကြီးများသည် မန္တလေးရတနာပုံနန်းတော်နှင့် ဘုရင်၊ မိဖုရားတို့ကို သိမ်းပိုက်ပြီး အောင်ပွဲခံသည့် မှတ်တမ်းအနေဖြင့် နန်းတော်ရှိ ဘုရားစင်မှ မြတ်ဗုဒ္ဓရုပ်ပွားတော်ရုပ်တုကို ဗိုလ်ချုပ်ကြီးပရင်ဒါဂတ်၏ ခြေထောက်အောက်တွင် ပစ်ချထားကာ အောင်ပွဲခံဓာတ်ပုံရိုက်ခံခဲ့ကြသည်။ ထိုမျှထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ အမျိုး၊ ဘာသာ၊ သာသနာတော်ကို ရိုင်းစိုင်းယုတ်မာစွာ ကာယကံမြောက် စော်ကားခဲ့ကြသည်။

**ဘေးကပြောသည်ထက် သွေးကပြောသည်ကိုသာ ယုံကြည်လက်ခံပါ**

အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ သွေးခွဲအုပ်ချုပ်ရေးဝါဒအရ တောင်တန်းဒေသများရှိ တိုင်းရင်းသားများနှင့် မြေပြန့်ဒေသရှိ တိုင်းရင်းသားတို့ကို မကူးလူး မဆက်ဆံရ မသွားရဟူသော နယ်ခြားဖြတ်ကျော်မှု ချုပ်ကိုင်ရေးဥပဒေကို ပြဋ္ဌာန်းပြီး သွေးခွဲခဲ့သည်။ ပြည်မနှင့် တောင်တန်းဒေသနေ တိုင်းရင်းသားများနှင့်ပူးပေါင်း၍ အမျိုးသားနိုင်ငံရေး လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသူများမှာ ထိုဥပဒေအရ ဖမ်းဆီးချုပ်နှောင်ခံရသည့် ပြစ်ဒဏ်ဖြစ်စေ၊ နယ်နှင်ခံရသည့် ပြစ်ဒဏ်ဖြစ်စေခံခဲ့ကြရသည်။

မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးအတွက် ကြိုးပမ်းကြရာတွင် တိုင်းရင်းသားခေါင်းဆောင်တို့သည် တညီတညွတ်တည်း၊ တစည်းတလုံးတည်း စုပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်းခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဖက်ဆစ်ဂျပန်များကို ဗမာများနှင့် လက်တွဲတိုက်ခိုက်ခဲ့ကြသည့် ကရင်အမျိုးသားတို့သည် ကရင်လူငယ်အစည်းအရုံးကို ဖွဲ့စည်းကာ ဥက္ကဋ္ဌအဖြစ် ဦးစောထွန်းစိန် ခေါင်းဆောင်၍ ဖဆပလအဖွဲ့ချုပ်တွင် ဝင်ရောက်ပြီး မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ကချင်တိုင်းရင်းသားခေါင်းဆောင် ဆမားဒူးဝါးဆင်ဝါးနောင် ဦးဆောင်သော ကချင်လူငယ်တိုးတက်ရေးအဖွဲ့ကလည်း မြန်မာ့လွတ်လပ်ရေးအတွက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်ခဲ့ကြသည်။

ကယားပြည်နယ်မှ တိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသည့် ဦးစိန်၊ ဦးဘသောင်းတို့သည်လည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တွေ့ဆုံပြီး မြန်မာ့လွတ်လပ်ရေးအတွက် ပူးပေါင်းလက်တွဲ ကြိုးပမ်းခဲ့ကြသည်။

ရှမ်းပြည်နယ်မှ မျိုးချစ်တိုင်းရင်းသားလူငယ်များသည် ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းတို့ကို ပေါင်းစည်းခဲ့ပြီး ဖဆပလအဖွဲ့ချုပ်နှင့် ဆက်သွယ်ကာ မြန်မာ့လွတ်လပ်ရေးအတွက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

**ပြည်ထောင်စုရန်သူ တို့ရန်သူ**

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သမျှ ကြာရှည်ထာဝရတည်တံ့ခိုင်မြဲနေရေးအတွက် နိုင်ငံတော်၏ အဓိကအကျဆုံး အမျိုးသားရေးမူဝါဒကြီး (၃) ရပ်ဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးကို ပြည်တွင်းကဖြစ်စေ၊ ပြည်ပကဖြစ်စေ ထိပါးနှောင့်ယှက် ဖျက်ဆီးလာပါက ပြည်ထောင်စု၏ရန်သူအဖြစ် သတ်မှတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူကြရမည်ဖြစ်သည်။

ပြည်ထောင်စုသားတိုင်း ပြည်ထောင်စုမပြိုကွဲရေးကို ပြည်ထောင်စုသစ္စာဖြင့် ထာဝရစောင့်ထိန်းကာကွယ်ကြရမည်။ ပြည်ထောင်စုသားတိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကိုလည်း ပြည်ထောင်စုသစ္စာဖြင့် ထာဝရစောင့်ထိန်းကာကွယ်ကြရမည်။ ပြည်ထောင်စုသားတိုင်း အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ပြည်ထောင်စုသစ္စာဖြင့် ထာဝရစောင့်ထိန်းကြရမည်ဖြစ်သည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို ဖော်ဆောင်ရာတွင် အကြမ်းဖက်ဝါဒ၊ မင်းမဲ့ဝါဒ၊ တစ်တောတစ်ဖတ္တုန်ဝါဒ၊ တစ်ဗိုလ်တစ်မင်းဝါဒ၊ စစ်ဘုရင်ဝါဒတို့ကို စွန့်လွှတ်နိုင်ကြရမည် ဖြစ်သည်။

တကယ်တော့ အမိမြန်မာနိုင်ငံတော်ကြီးကို NUG လည်းမပိုင်ပါ၊ PDF လည်း မဆိုင်ပါ၊ KIA၊ KIO၊ KNU၊ MNDAA၊ TNLA၊ AA၊ KNPP၊ KNDF စသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် လုံးဝမဆိုင်ပါ။ ၁၃၅ မျိုးသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသာပိုင်ဆိုင်ပြီး အမွေခံသူများ ဖြစ်ကြသည်။

နိုင်ငံတော်အချုပ်အခြာအာဏာ၏ အဓိကမဏ္ဍိုင်ကြီး (၃)ရပ်ဖြစ်သည့် (၁) ဥပဒေပြုရေးမဏ္ဍိုင်၊ (၂) အုပ်ချုပ်ရေးမဏ္ဍိုင်၊ (၃) တရားစီရင်ရေးမဏ္ဍိုင်တို့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ မဲဆန္ဒရှင်တိုင်းရင်းသားပြည်သူများ၏ဆန္ဒမဲများဖြင့် ရွေးချယ်တင်မြှောက်ပိုင်ခွင့်များလည်း ရရှိထားကြပြီးဖြစ်ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် လက်နက်ကိုင်လမ်းစဉ်ကို အပြီးတိုင် စွန့်လွှတ်ကာ နိုင်ငံရေးနည်းဖြင့်သာ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန်သာ ရှိတော့သည်။

နှစ်ပေါင်း ၁၂၄ နှစ်တိုင်အောင် ဆုံးရှုံးသွားခဲ့ရသော မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူခဲ့ရာတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ အသက်၊ သွေး၊ ချွေးတို့ကို ပေးဆပ်၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်မှု အမြုတေရတနာဖြစ်သော သမိုင်းဝင် ပင်လုံစာချုပ်ကြီးကြောင့် မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် တည်တံ့ခိုင်မြဲစွာ ရပ်တည်နေနိုင်ခြင်းပင် ဖြစ်သည်။

သို့ရာတွင် မြန်မာ့လွတ်လပ်ရေးနှင့်အတူ အင်္ဂလိပ်နယ်ချဲ့၏ သွေးခွဲအုပ်ချုပ်မှုအမွေဆိုးကြီးကြောင့် ပေါ်ပေါက်လာခဲ့သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၏ ဒဏ်ရာဒဏ်ချက်များ အဆုံးမသတ်နိုင်ကာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့မှာ အနိဋ္ဌာရုံ ဆိုးကျိုးခံစားကြရပြီး လွတ်လပ်ရေးရပြီး ၇၆ နှစ်တိုင်အောင် လွတ်လပ်ရေးအရသာကို မခံစားကြရဘဲ သမင်မွေးရင်းကျားစားရင်း အခြေအနေများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်ရစ်နေခဲ့ရသည်။ ထာဝရငြိမ်းချမ်းရေးအတွက် အမြဲ လက်ကမ်းကြိုဆိုနေပါလျက်နှင့် ပြည်ပပြဿဇာခံ အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ အချုပ်အခြာအာဏာဆုံးရှုံးရေးနှင့် ပြည်ထောင်စုပြိုကွဲရေးအတွက် အဖျက်လုပ်ငန်းမှန်သမျှကို တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူတို့ ပူးပေါင်းလက်တွဲ၍ ပြည်သူ့လုံခြုံရေးစနစ်၊ ပြည်သူ့ကာကွယ်ရေးစနစ်တို့ကို ကျင့်သုံးသော တရားသောစစ်ဖြင့် ရင်ဆိုင်ဖြေရှင်းသည့် နည်းလမ်းမှတစ်ပါး အခြားမရှိနိုင်တော့ပါဟု ဆိုချင်ပါသတည်း။ ။

**အကိုးအထောက်**


၁။ **မဟာသရေစည်သူ ဦးဖေခင် (နိုင်ငံဂုဏ်ရည် ပထမဆင့်)၏ကိုယ်တွေ့ ပင်လုံ{ရဲခေါင်မောင်မောင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန ၁၉၉၀ ပြည့်နှစ်}**

၂။ **The Pagoda War (Lord Dufferin and the Fall of the Kingdom of Ava 1885.6) by A.T.Q. STE WART,FABER AND FABER, 3Queen Square London**

၃။ **တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း**


## တာလေမြို့၌ သောက်သုံးရေလုံလောက်စွာဖြန့်ဝေနိုင်ရေး နတ်စင်ချောင်းမှ ရေစတင်ယူရာနေရာ ကွင်းဆင်းသတ်မှတ်



တာလေ ဖေဖော်ဝါရီ ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့၌ မြို့ပေါ်ရပ်ကွက်နေ ပြည်သူများအား သောက်သုံးရေလုံလောက်စွာဖြန့်ဝေပေးနိုင်ရေးအတွက် နတ်စင်ချောင်းတွင် ရေစတင်ယူရာနေရာအား ယမန်နေ့ ညနေပိုင်းက တာဝန်ရှိသူတို့ကွင်းဆင်းကြည့်ရှုရွေးချယ်သတ်မှတ်ပေးခဲ့သည်။

ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနခွဲ (ကျိုင်းတုံ)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုရာ တာလေမြို့ စည်ပင်သာယာရေးဌာနမှ ဦးစီးမှူး ဦးမနားရွှီနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသပေးခဲ့ပြီး ဒုတိယအင်ဂျင်နီယာမှူးကြီးက နတ်စင်ချောင်းတွင် ရေစတင်ယူရာနေရာအား ရွေးချယ်သတ်မှတ်ပေးခဲ့ကာ Intake တည်ဆောက်ခြင်းနှင့် Intake မှ မူလပိုက်လိုင်းသို့ လေးလက်မပိုက်သွယ်တန်းခြင်းလုပ်ငန်းများ သတ်မှတ်အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလုပ်ငန်းများကို တာလေမြို့ စည်ပင်သာယာရေးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ၉ ဒသမ ၅ သန်းဖြင့် စတုတ္ထသုံးလပတ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် လယ်ယာထွက်ကုန် အခြေခံကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်





နေပြည်တော် ဖေဖော်ဝါရီ ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ ဖေဖော်ဝါရီ ၅ ရက်က ပျော်ဘွယ်မြို့နယ်ရှိ DOA-OISCA စိုက်ပျိုးရေးနှင့် ခေါင်းဆောင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

သင်တန်းကျောင်းကို OISCA International (Japan)အဖွဲ့က မြန်မာနိုင်ငံရှိ မျိုးဆက်သစ်တောင်သူ လူငယ်များကို ခေတ်ပလွတ်နည်းပညာဖြင့် စပါးစိုက်ပျိုးရေး၊ မွေးမြူ ရေး၊ စားသောက်ကုန်ပြုလုပ်နည်းများ သင်ကြားပေးရန်၊ စိတ်ဓာတ်ခိုင်မာ၍ ကြိုးစားအားထုတ်သူများ မွေးထုတ်ပေးရန်၊ တစ်ဦးနှင့်တစ်ဦးယုံကြည်နားလည်မှုရှိပြီး ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ အနာဂတ်တွင် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ပြုစုမွေးထုတ်ရန် ရည်ရွယ်ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့အထိ သင်တန်းသား ၄၃၀ သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက်တစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ သာစည်မြို့နယ်အတွင်းရှိ ညောင်ရမ်းမင်းလှကန် ရေသွယ်မြောင်း၊ ရေသွင်းမြောင်းများနှင့် ရေသောက်စနစ်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် ရေသောက်ဧရိယာများ အကျိုးရှိထိရောက်စွာ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ပေးရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ညောင်ရမ်း-မင်းလှကန်သည် ရှေးမြန်မာမင်းများ ဆည်ဖို့ခဲ့ပြီး နှစ်ပေါင်း ၉၀၀ ကျော် သက်တမ်းရှိပြီဖြစ်ကာ တောင်ပိုင်းရှိ ညောင်ရမ်းရွာကို အစွဲပြု၍ ညောင်ရမ်းကန်ဟု လည်းကောင်း၊ မြောက်ပိုင်းရှိ မင်းလှရွာကို အစွဲပြု၍ မင်းလှကန်ဟုလည်းကောင်း၊ ကန်ရေတစ်ဆက်တစ်စပ်တည်းဖြစ်သဖြင့် ညောင်ရမ်း- မင်းလှကန်ဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲခဲ့ရာမှ ၁၉၈၇ ခုနှစ်တွင် မင်းလှကန်နှင့် ညောင်ရမ်းကန် ဆက်စပ်သည့် နေရာမှ ပေအရှည် ၅၂၀၀ ရှိ ရေခြားတမံတစ်ခု တည်ဆောက်ခဲ့ခြင်းကြောင့် ညောင်ရမ်းကန်နှင့် မင်းလှကန်ဟု သီးခြားဖြစ်ပေါ်ခဲ့ပြီး သာစည်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၀ ရှိ ရေသောက်ဧရိယာကို စိုက်ပျိုးရေအကျိုးပြုလျက်ရှိကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကန်ပေါင်ပုံစံကျမြေဖို့ပြုပြင်ခြင်း၊ မောင်းတိုင်ရေပိုလွှဲ ၊ ရွှေကူရေပိုလွှဲ၊ သောတာပန် ရေပိုလွှဲတို့တွင် Wheel Track အား ကွန်ကရစ်လောင်းခြင်း၊ အမှတ်(၁) (၂) (၅) (၆) မြောင်းများ သဲနုန်းတူးဖော်ခြင်းနှင့် ပုံစံကျပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမှတ်(၃)မြောင်းနှင့် အမှတ်(၄)မြောင်းများ ပုံစံကျပြုပြင်ခြင်းနှင့် တူးမြောင်းအဆောက်အအုံများပြုပြင်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ညောင်ရမ်း-မင်းလှကန် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ရေသောက်ဧရိယာအတွင်းရှိ ၂၇၂၀၁ ဧကကို မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများစိုက်ပျိုးခြင်းအတွက် ရေဖူလုံစွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တည်ဆဲဥပဒေများနှင့် ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ နိုင်ငံတော်နှင့် ဌာနအပေါ် သစ္စာရှိကြရန်နှင့် အခက်အခဲများရှိပါက စနစ်တကျတင်ပြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်စေရန်နှင့် လယ်ယာကဏ္ဍတွင် အဓိကကျသည့် သီးနှံစိုက်ပျိုးသည်မှ ကုန်ချောဖြစ်သည်အထိ သီးနှံကွင်းဆက်တစ်ခုလုံး၌ တောင်သူများ၊ ဆီစက်လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်



နေပြည်တော် ဖေဖော်ဝါရီ ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်စေရန်နှင့် လယ်ယာကဏ္ဍတွင် အဓိကကျသည့် သီးနှံစိုက်ပျိုးသည်မှ ကုန်ချောဖြစ်သည်အထိ သီးနှံကွင်းဆက်တစ်ခုလုံး ဆောင်ရွက်ရန်လိုအပ်ချက်များအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် အရာထမ်း၊ အမှုထမ်းများနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက တောင်သူနှင့်ပွဲရုံ ချိတ်ဆက်ဆောင်ရွက်နေမှုများကို လေ့လာပြီး လိုအပ်ချက်များကို ဝိုင်းဝန်းအဖြေရှာ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ပြည်တွင်းစားသုံးဆီဖူလုံရေးကြိုးပမ်းနေခြင်းကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် စိုက်ဧရိယာမတိုးချဲ့ဘဲ ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်အောင် လုပ်ဆောင်ရန် ဒေသအလိုက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ဆီထွက်သီးနှံများကို ဖြည့်စွက်ရေတစ်ကြိမ်မှနှစ်ကြိမ်ပေးနိုင်ရုံဖြင့် သီးနှံများအထွက်တိုးစေနိုင်သည့်အတွက် ရေကိုစနစ်တကျ သိုလှောင်စိုက်ပျိုးရန်၊ သီးနှံကာကွယ်ရေးနှင့်ပတ်သက်သည့် တောင်သူပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ မြို့နယ်ဦးစီးမှူးများ သီးနှံအလိုက် ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် ကိုယ်တိုင်စိုက်ခင်းတစ်ခုထူထောင်၍ စိုက်ပျိုးသရုပ်ပြရန်နှင့် ခရိုင်ဦးစီးမှူးများက ကြီးကြပ်ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားပြီး လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသန ဗဟိုဌာန(မကွေး)၏ သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသနှင့်သင့်တော်သော အထွက်ကောင်းမြေပဲမျိုးသစ်များ မွေးမြူရွေးချယ်ကြရန်၊ ပင်ပြန့်နှင့် ပင်ထောင်မျိုးများကို မျိုးစပ်သုတေသနလုပ်ကြရန်နှင့် နည်းပညာနှင့် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာန တမာပိုးသတ်ဆေးစက်ရုံ(မကွေး)၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လယ်ယာကဏ္ဍအတွက် အရေးကြီးသောသွင်းအားစုများအတွက် ပြည်ပမှီခိုမှုလျှော့ချနိုင်ရေး၊ သွင်းအားစုထုတ်လုပ်သည့် နည်းပညာများ ပြည်တွင်းတွင် ဖော်ထုတ်ပိုင်ဆိုင်နိုင်ပြီး တောင်သူများအတွက် ဈေးသက်သာစွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ဆက်လက်ကြိုးပမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်တက္ကသိုလ်၌ ရှေးဦးသူနာပြုစုခြင်း (အခြေခံ)သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်

ပြည် ဖေဖော်ဝါရီ ၇

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ် ကြက်ခြေနီအသင်း(ခွဲ)၏ ရှေးဦးသူနာပြုစုခြင်း (အခြေခံ) (၁/၂၀၂၄) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ပြည်တက္ကသိုလ် မဏ္ဍပ်ဆောင်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သက်လွင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်းလှိုင်က ကြက်ခြေနီအသင်းကြီး ပေါ်ပေါက်လာပုံသမိုင်းကြောင်းနှင့် အခြားသော အဆင့်မြင့်သင်တန်းများ ဆက်လက်ဖွင့်လှစ်နိုင်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများချီးမြှင့်ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၂ ရက်မှ ၅ရက်အထိ လေးရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်းတန်းသူ ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မော်လမြိုင်တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်တက္ကသိုလ်ရှိ အဏုဇီဝဗေဒလက်တွေ့ခန်းနှင့် အဏ္ဏဝါသိပ္ပံဌာနများတွင် လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများတွင် အေးချမ်းစွာ ပညာသင်ကြားနေကြသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဘာသာရပ်ဆိုင်ရာများမှ တန်ဖိုးရှိသော အသိပညာ၊ အတတ်ပညာ အတွေးအခေါ်ပညာရပ်များကို မိမိတို့၏ ကိုယ်ပိုင်အသိပညာဖြစ်သည်အထိ ရယူနိုင်အောင် အားထုတ်ကြိုးစားကြရန်၊ ဘာသာရပ်ဆိုင်ရာ စာတွေ့သင်ခန်းစာများသာမက လက်တွေ့သင်ခန်းစာများကိုလည်း အဆက်မပြတ် သင်ယူဆောင်ရွက်ကြရန်၊ မိမိတို့၏ ပတ်ဝန်းကျင်မှရရှိသည့် သဘာဝအရင်းအမြစ်များကို အသုံးပြု၍ မိမိတို့ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့်ပေါင်းစပ်၍ လူမှုနယ်ပယ်တွင် အသုံးပြုနိုင်သော အသုံးချသုတေသနများကို ဆောင်ရွက်ကြရန်၊ ဘာသာရပ်ဆိုင်ရာသုတေသနလုပ်ငန်းများကို လက်တွေ့အသုံးချနိုင်သောအဆင့် အထိရောက်ရှိအောင် ရည်မှန်းကြိုးစားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက္ကသိုလ်ကျောင်းဝင်းအတွင်း ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် တက္ကသိုလ်စာကြည့်တိုက်နှင့် တက္ကသိုလ်သုတေသနစင်တာ တည်ဆောက်နေမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များနှင့်တွေ့ဆုံပြီး မိမိတို့တက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ စီမံ၊ ဘဏ္ဍာဌာနမှူးများ ဝိုင်းဝန်းလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ကြရန်၊ အရည်အသွေးပြည့်ဝသော ကျောင်းသား ကျောင်းသူများ ပျိုးထောင်ပေးရန်၊ သုတေသနအခြေပြုတက္ကသိုလ်အဖြစ် ပေါ်ထွန်းလာစေရေးအတွက် ဘာသာရပ်ဆိုင်ရာဌာနများအားလုံးက ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဌာနတစ်ခုချင်းအလိုက် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ မော်လမြိုင်မြို့ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း၊ ရွှေနတ်တောင် အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ဘဝတိုးတက်အောင်မြင်ရေးအတွက် ပညာကိုကြိုးစားသင်ယူကြရန်၊ ဆရာ ဆရာမများ ဆုံးမသင်ကြားပေးသည့်အတိုင်း ကြိုးစားလိုက်နာကြရန် ပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က မြောင်းမြအကျဉ်းထောင်၊ မြောင်းမြမြို့မရဲစခန်း အချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ လပွတ္တာလူငယ့်အားမာန်သင်တန်းကျောင်းတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ဖေဖော်ဝါရီ ၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ပေါ်ရှိ ရဲစခန်း၊ အချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းသို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် မြောင်းမြမြို့ရှိ မြောင်းမြအကျဉ်းထောင်သို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်ရှိ လပွတ္တာလူငယ့်အားမာန် သင်တန်းကျောင်းသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



**ကြည့်ရှုစစ်ဆေး**

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မြောင်းမြရဲစခန်း အချုပ်ခန်းနှင့် တရားရုံး အချုပ်ခန်းတို့အား ဝင်ရောက်ကြည့်ရှု စစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ မိသားစုတွေ့ဆုံမှုအခြေအနေ၊ ရုံးထုတ်နေမှုအခြေအနေ၊ ရုံးထုတ်ကာလအတွင်း စားသောက်မှုအခြေအနေနှင့် အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မြောင်းမြ အကျဉ်းထောင်အား ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အိပ်ဆောင်များ၌ တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သား တစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ /မရှိ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ လုံလောက်မှု ရှိ /မရှိ၊ မိသားစုနှင့် တွေ့ဆုံခွင့် အခြေအနေ၊ လွတ်လပ်စွာ ကိုးကွယ်နိုင်မှုအခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ /မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ / မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ /မရှိနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ / မရှိ စသည်တို့ကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကိုလည်း သီးခြားတွေ့ဆုံမေးမြန်း မှတ်တမ်းတင်ခဲ့သည်။

အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးရုံဆောင်၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ / မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၅၀ ကို ကော်မရှင်က လှူဒါန်းခဲ့သည်။

လပွတ္တာလူငယ့်အားမာန်သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးစဉ် သင်တန်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ အစားအစာကျွေးမွေးမှုအခြေအနေ၊ သန့်ရှင်းသောရေရရှိအောင် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိအောင် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြုစုစောင့်ရှောက်ပေးမှု အခြေအနေနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်၊ လေ့ကျင့်ပြုစု စောင့်ရှောက်ပျိုးထောင်ပေးနေမှုအခြေအနေ၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် စသည့်အခြေခံလူ့အခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**အကြံပြုပေးပို့သွားမည်**

ကြည့်ရှုစစ်ဆေးရေး အဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သာစည်မြို့နယ်၌ စိတ်ကြိုက်ပုံပြောနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

**သာစည် ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို မူလတန်းအဆင့် စိတ်ကြိုက်ပုံပြင်ပြောပြိုင်ပွဲနှင့်အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာန၌ကျင်းပသည်။

ဦးစွာ မူလတန်းအဆင့် စိတ်ကြိုက်ပုံပြင်ပြောပြိုင်ပွဲတွင် အမှတ်ပေးဒိုင်အဖြစ်ပါဝင်ဆောင်ရွက်သော စာရေးဆရာဝေးရင့်သီက အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သာစည်မြို့ အမှတ်(၁)နှင့်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများ၊ အမှတ်(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မီးရထားနှင့် အမှတ်(၆)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၂၇ ဦးတို့က မိမိတို့စိတ်ကြိုက်ပုံပြင်များဖြင့် ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီခွဲတွင် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ကျင်းပရာ အမှတ်(၁)နှင့်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများ၊ အမှတ်(၂) ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မီးရထားနှင့် အုတ်တွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တို့မှ ကျောင်းသား ကျောင်းသူ ၃၇ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**စည်းလုံးခြင်းသည် အင်အား**
**ပြည်ထောင်စု၏ စွမ်းပကား။**

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဒုတိယနေ့အဖြစ် သွားရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေတင်ဆက်ရန် နေပြည်တော်၌ ရောက်ရှိနေကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိအထင်ကရနေရာများသို့ ဒုတိယနေ့အဖြစ် အဖွဲ့နှစ်ဖွဲ့ခွဲကာ ဆက်လက်လေ့လာကြသည်။

ဦးစွာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့သည် တိရစ္ဆာန်ဥယျာဉ်၌ ဆင်လိမ္မာများ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုကြပြီး ဆင်စာများကျွေးကြသည်။

ထို့နောက် ရှားပါးတိရစ္ဆာန်များ၊ အကောင်ရေ ၁၀၀၀၀ တွင် တစ်ကောင်သာ ပေါက်ဖွားတတ်သည့် ရှားပါးကျားဖြူများ၊ ချစ်စရာဝါလာဘီ သားပိုက်ကောင်များ၊ ပင်လယ်ဖျံ၊ ပင်ဂွင်းငှက်ကလေးများနှင့် ငါးပြတိုက်တို့ကို စိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်။

ယင်းနောက် နက္ခတ်တာရာပြခန်းအတွင်း ပြသထားသည့် ဂြိုဟ်၊ လ၊ ကမ္ဘာများအကြောင်း၊ စကြဝဠာကြီးအတွင်းရှိ ထူးခြားဆန်းပြားလှပသော အရာများ၊ ကြယ်တာရာများ၏ ဖွဲ့စည်းတည်ရှိပုံ၊ ကမ္ဘာကြီး၏ ဆွဲငင်အားစသည့် နက္ခတ်တာရာ သိပ္ပံဆိုင်ရာ ဗဟုသုတတိုးပွားဖွယ်ရာ အကြောင်းများကို ကြည့်ရှုလေ့လာကြပြီး စကြဝဠာဆိုင်ရာ ပညာပေး ဗီဒီယိုကို ကြည့်ရှုကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်နှင့် အမျိုးသားပြတိုက်၊ နေပြည်တော်မြို့မဈေးတို့ကို ဆက်လက်သွားရောက်လေ့လာကြသည်။



အဆိုပါ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့တွင် ကချင်ပြည်နယ်မှ ၃၅ ဦး၊ ကယားပြည်နယ်မှ ၄၀၊ ကရင်ပြည်နယ်မှ ၄၀၊ ချင်းပြည်နယ်မှ ၄၀၊ မွန်ပြည်နယ်မှ ၃၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၃၅ ဦး၊ ရခိုင်ပြည်နယ်မှ ၃၁ ဦးနှင့် ရှမ်းပြည်နယ်မှ ၄၀ တို့ပါဝင်၍ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တစ်နေရာတည်းမှာ ခဏတာဆုံတွေ့ခွင့်ရတဲ့အချိန်မှာ တိုင်းရင်းသားအချင်းချင်း ယဉ်ကျေးမှုနဲ့ဘာသာစကားတွေကို ဖလှယ်ခွင့်ရတဲ့အတွက် ဝမ်းသာပျော်ရွှင်မိပါတယ်

**မိစန္ဒာလင်း**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်မည့် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ကြမည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ပြည်ထောင်စုနေ့ အမှတ်တရစကားသံများကို ဖော်ပြလိုက်ပါသည်။

**ဒေါက်တာထင်လင်းအောင်**
**(ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ အုပ်ချုပ်သူ)**

ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးအဖွဲ့မှာ အဖွဲ့ဝင် ၃၅ ယောက်ပါပါတယ်။ ပြည်ထောင်စုနေ့မှာ **"ပြည်ထောင်စုအလှ သမိုင်းသစ်တည် တို့ဧရာဝတီ"** တေးသီချင်းနဲ့ ကပြဖျော်ဖြေတင်ဆက်သွားမှာဖြစ်ပါတယ်။ အခုလို ပြည်ထောင်စုနေ့မှာ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးအသီးသီးက လာကြတဲ့ တိုင်းရင်းသားတွေ စုံစုံလင်လင်နဲ့ တွေ့ဆုံခွင့်ရပြီး လေ့လာရေးခရီးတွေသွားရတဲ့အတွက် အင်မတန်ပျော်ရွှင်မိပါတယ်။ အခုလိုမျိုး အခွင့်အရေးရတဲ့အတွက် ကလေးတွေက ဝမ်းသာဂုဏ်ယူကြတယ်။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ညီအစ်ကို မောင်နှမလို ဆက်ဆံကြတဲ့အတွက် အနှစ်သာရရှိရှိ ပျော်စရာကောင်းပါတယ်။ အခုလို အသိပညာဗဟုသုတရအောင် ပို့ဆောင်ပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေကို ကျေးဇူးတင်ရှိပါတယ်။

**မိစန္ဒာလင်း**
**(မွန်ပြည်နယ်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့)**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားမှာ ကျွန်မတို့အဖွဲ့အနေနဲ့ **"ပျံသန်းကြမည့် နေ့ရက်ဆီ"** ဆိုတဲ့ တေးသီချင်းနဲ့ ကပြဖျော်ဖြေတင်ဆက်မှာဖြစ်ပါတယ်။ အခုလို တိုင်းရင်းသားပေါင်းစုံနဲ့ တွေ့ဆုံခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ တာဝန်ရှိပုဂ္ဂိုလ်တွေ စီစဉ်ဆောင်ရွက်ပေးမှုတွေကြောင့် မနေ့ကဆို သတင်းစာနဲ့တီဗွီမှာပဲ အမြဲတမ်းတွေ့နေရတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဖူးမြော်ခွင့်ရခဲ့တာဟာ အိပ်မက်တစ်ခုလိုပါပဲ။ တကယ်ဖူးမြော်ရတဲ့အချိန်မှာလည်း ရင်ထဲမှာ အေးချမ်းပြီး ပျော်ရွှင်မိပါတယ်။

ဒီနေ့မှာတော့ နေပြည်တော်က တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်နဲ့ မြို့မဈေးကြီးကို သွားရောက်လေ့လာခဲ့ကြတယ်။ ဒီလိုမျိုး တိုင်းရင်းသားတွေ စုံစုံညီညီတွေ့ရဖို့ဆိုတာကလည်း မလွယ်ပါဘူး။ တစ်နေရာတည်းမှာ ခဏတာဆုံတွေ့ခွင့်ရတဲ့အချိန်မှာ တိုင်းရင်းသားအချင်းချင်း ယဉ်ကျေးမှုနဲ့ ဘာသာစကားတွေကို ဖလှယ်ခွင့်ရတဲ့အတွက် ဝမ်းသာပျော်ရွှင်မိပါတယ်။ အချင်းချင်းနှုတ်ဆက်ကြတဲ့အချိန်မှာ သူတို့ရဲ့ စကားသံဝဲဝဲလေးတွေကို ကြားရတဲ့အတွက် ဘာနဲ့မှ မလဲနိုင်တဲ့ အတွေ့အကြုံသစ်တွေဖြစ်ပါတယ်။



ဒေါက်တာထင်လင်းအောင်



မိစန္ဒာလင်း



ယမင်းလှိုင်



ဝေယံမျိုး



ဆန်းမီ



မမြပုလဲသွယ်

**ယမင်းလှိုင်**
**(ရခိုင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့)**

ပြည်ထောင်စုနေ့အခမ်းအနားမှာ ကျွန်မတို့အဖွဲ့အနေနဲ့ တိုင်းရင်းသားရိုးရာသီချင်း **"ယိုင်း"** သီချင်းနဲ့ ဖျော်ဖြေတင်ဆက်ကပြသွားမှာဖြစ်ပါတယ်။ မြန်မာလိုကတော့ ပုခက်ပေါ့နော်၊ မိခင်က ကလေးကို ပုခက်လွှဲပြီးတော့ ချော့သိပ်တဲ့ သီချင်းဖြစ်ပါတယ်။ တိုင်းရင်းသားပေါင်းစုံနဲ့ ဆုံတွေ့ခွင့်ရတဲ့အတွက် ရင်းရင်းနှီးနှီး မိတ်ဆွေဖွဲ့ခွင့်ရတယ်၊ သူတို့ရဲ့ ဝတ်စားဆင်ယင်မှုနဲ့ ဘာသာစကားတွေကို ဖလှယ်ခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ ကျွန်မတို့ လေ့လာရေးအဖွဲ့တွေအနေနဲ့ နေပြည်တော်က အထင်ကရနေရာတွေကိုသွားရောက်လေ့လာခဲ့ကြတယ်။ နက္ခတ်တာရာပြခန်းမှာ ကြယ်တာရာအကြောင်းတွေကို အစုံလေ့လာခွင့်ရတာ အကြိုက်ဆုံးပါပဲ။ စကြဝဠာဆိုင်ရာ ပညာပေးဗီဒီယိုကို ပြသတဲ့အချိန်မှာ ဗဟုသုတတွေရရှိခဲ့တယ်။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့တွေကို အစစအရာရာ လိုလေသေးမရှိအောင် စီမံဆောင်ရွက်ပေးတဲ့အတွက် တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဝေယံမျိုး**
**(ရှမ်းပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့)**

ရှမ်းပြည်နယ်ကိုယ်စားပြုအနေနဲ့ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားအတွက် နေပြည်တော်ကို လာရောက်ရတာ ဝမ်းသာပါတယ်။ လေ့လာရေးခရီးစဉ်တွေကို တိုင်းရင်းသားညီအစ်ကိုတွေနဲ့ အတူတကွ သွားရတာက အခွင့်အရေးတစ်ခုပါပဲ။ ခရီးစဉ်တွေကနေ ဗဟုသုတတွေလည်း အများကြီးရတယ်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေနဲ့ စုစုစည်းစည်း သွားလာနေထိုင်ရတဲ့အချိန်အတွင်း ယဉ်ကျေးမှုနဲ့ ဘာသာစကားတွေ အပြန်အလှန်ဖလှယ်ဖြစ်ကြပါတယ်။ ညပိုင်းမှာ တိုင်းရင်းသားရိုးရာအကတွေကို တက်တက်ကြွကြွ အကတိုက်ကြတဲ့အချိန်မှာ သူ့အကကိုယ်ကြည့် ကိုယ့်အက သူကြည့်နဲ့ ပျော်ရွှင်ကြည်နူးရပါတယ်။ ဒါတွေက ကျွန်တော်တို့အတွက် အဖိုးတန်တဲ့ အတွေ့အကြုံတွေပါ။

**ဆန်းမီ**
**(ရှမ်းပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့)**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားမှာ ကျွန်မတို့အဖွဲ့အနေနဲ့ ရှမ်းပြည်နယ် သဘာဝအလှအပတွေ၊ တိုင်းရင်းသားတွေ ဘယ်လိုစုစည်းပြီးတော့ နေထိုင်တယ်ဆိုတဲ့ အကြောင်းအရာလေးတွေကို သီကုံးရေးဖွဲ့ထားတဲ့ **"မောတို့ပျော်ရာ"** တေးသီချင်းနဲ့ ကပြဖျော်ဖြေမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုနေ့ကျင်းပရေး ဆပ်ကော်မတီကနေ စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် လေ့လာရေးခရီးစဉ် ပို့ဆောင်ပေးတာက နေရာအတော်စုံပါတယ်။

ကျွန်မတို့ တက်ရောက်နေတာက ပညာရေးဒီဂရီကောလိပ်ဖြစ်တယ်။ ကလေးတွေကို ဒီကနေ ပြန်ရောက်တဲ့အခါမှာ စုံစုံလင်လင်နဲ့ သေသေချာချာ ပြန်လည်ပြီးတော့ ပြသနိုင်ဖို့အတွက်လည်း မှတ်တမ်းမှတ်ရာတွေကို အများကြီးယူသွားနိုင်ဖို့ လေ့လာနေပါတယ်။ အခုလိုမျိုး တိုင်းရင်းသားစုံစုံလင်လင်နဲ့ လေ့လာရေးခရီးသွားရဖို့ဆိုတာ မလွယ်ကူတဲ့အရာဖြစ်ပါတယ်။ အခုလိုမျိုး သွားရောက်ခဲ့ရတဲ့အတွက် ကျေနပ်မိတယ်၊ ပီတိဖြစ်မိတယ်။ တိုင်းရင်းသားတွေ ဒီထက်မက ပိုပြီးတော့ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် နေထိုင်သွားဖို့ လိုအပ်ပါတယ်။

**မမြပုလဲသွယ်**
**(ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့)**

ပြည်ထောင်စုနေ့အခမ်းအနားမှာ တိုင်းရင်းသားတစ်ယောက်အနေနဲ့ ပြည်ထောင်စုနေ့ အကအဖွဲ့မှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာမိတယ်။ ကျွန်မတို့ ဒီရောက်တော့လည်း တိုင်းရင်းသားပေါင်းစုံနဲ့ တွေ့ရပြီးတော့ တစ်ယောက်နဲ့တစ်ယောက်မတူတဲ့ စကားသံလေးတွေ၊ ဝတ်စားဆင်ယင်မှုလေးတွေကို သိမြင်ရပါတယ်။ ဒီအပြင် အထင်ကရနေရာတွေကို လေ့လာရေးခရီးတွေ ပို့ပေးတဲ့အတွက် အသိပညာဗဟုသုတတွေ များစွာရရှိပါတယ်။ ပြည်ထောင်စုဆိုတဲ့ အနှစ်သာရကို အခုလို တိုင်းရင်းသားပေါင်းစုံနဲ့ ဆုံစည်းခွင့်ရပြီး အတွေ့အကြုံကောင်းတွေရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။

**တွေ့ဆုံမေးမြန်း - အောင်မင်းဟန်၊ ဂျိုင်းလော**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**

## အစိုးရဓမ္မာစရိယစာမေးပွဲအချိန်စာရင်း ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

ရက်စွဲ၊ ၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၃ )ရက်
၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၇ )ရက်

၁၃၈၅ ခုနှစ်(၂၀၂၄)ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်ဇယားအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**အစိုးရဓမ္မာစရိယစာမေးပွဲ အချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄)ရက် (၂၈-၂-၂၀၂၄)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၅)ရက် (၂၉-၂-၂၀၂၄)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၆)ရက် (၃၀-၃-၂၀၂၄)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၇)ရက် (၃၁-၃-၂၀၂၄)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၈)ရက် (၁-၄-၂၀၂၄)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၉)ရက် (၂-၄-၂၀၂၄)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၀)ရက် (၃-၄-၂၀၂၄)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီအထိ | **မြန်မာဂုဏ်ထူး** ပါစိတျာဒိပါဠိအဋ္ဌကထာ သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ မဇ္ဈိမနိကာယပါဠိအဋ္ဌကထာ သံယုတ္တနိကာယပါဠိအဋ္ဌကထာ အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ ပဋ္ဌိသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၁)ရက် (၄-၄-၂၀၂၄)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး** ပါစိတျာဒိပါဠိအဋ္ဌကထာ (၁) သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ(၁) ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ(၁) |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၂)ရက် (၅-၄-၂၀၂၄)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး** ပါစိတျာဒိပါဠိအဋ္ဌကထာ (၂) သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ(၂) ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၂) |

**သာသနာရေးဦးစီးဌာန**

## ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

ရက်စွဲ၊ ၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၃ )ရက်
၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၇)ရက်

၁၃၈၅ ခုနှစ်(၂၀၂၄)ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ (ကြီး၊လတ်၊ငယ်၊မူ)တန်းများကို အောက်ပါအချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | အတန်း | ဘာသာရပ် |
|---|---|---|---|
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၀)ရက် (၃-၄-၂၀၂၄)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဝိနည်းကျင့်ဝတ်/ သုကုမာရမဂ္ဂဒီပနီ<br>ဘိက္ခုပါတိမောက်ဘာသာ/ ဓမ္မပဒ<br>ဒွေမာတိကာဘာသာ/ ဓမ္မပဒ<br>" |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁)ရက် (၄-၄-၂၀၂၄)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ<br>"<br>"<br>" |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက် (၅-၄-၂၀၂၄)၊ သောကြာနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ<br>"<br>"<br>" |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက် (၆-၄-၂၀၂၄)၊ စနေနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | တိကမာတိကာ<br>တိကမာတိကာ၊ဒုကမာတိကာနှင့် ဓာတုကထာဘာသာ<br>သုတ္တန္တိကမာတိကာနှင့် ဓာတုကထာဘာသာ<br>အဘိဓာန်၊အလင်္ကာ၊ဆန်းဘာသာ |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄)ရက် (၇-၄-၂၀၂၄)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီထိ | ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ယမိုက်အောက်(၅)ကျမ်းဘာသာ<br>ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၈၅ ခုနှစ်၊ တပေါင်းလကွယ်နေ့ (၈-၄-၂၀၂၄)၊ တနင်္လာနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီထိ | ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း(၁)ရက် (၉-၄-၂၀၂၄)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီထိ | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

မှတ်ချက်။ လူနှင့်သီလရှင်များသည် (၃-၄-၂၀၂၄)ရက်နေ့တွင် ဝိနည်းဘာသာအစား ပထမကြီးတန်း၌ ဓမ္မပဒပါဠိ အဋ္ဌကထာ (သုခဝဂ်မှအဆုံးထိ)၊ ပထမလတ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးထိ)၊ ပထမငယ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ(အစမှဗာလဝဂ်အဆုံးထိ)၊ အခြေပြုမူလတန်း၌ သုကုမာရမဂ္ဂဒီပနီ (လယ်တီ)တို့ကို ဖြေဆိုကြရန်ဖြစ်ပါသည်။

**သာသနာရေးဦးစီးဌာန**

## ရေကြောင်းသတိပေးချက်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ရွှေစီမံကိန်းရှိ SHWE Phase 3 Development Project အရ Environmental Impact Assessment Survey လုပ်ငန်းများအား MV. JENNY ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၁၁ ဒသမ ၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၁ မိနစ် ၃၁ ဒသမ ၈၆ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၄၀ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၃ ဒသမ ၄၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၂ ဒသမ ၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၅ ဒသမ ၂၁ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၃ ဒသမ ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၀ ဒသမ ၁၉ စက္ကန့်တို့အတွင်းတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ ၂၀၂၄ ခုနှစ် မတ်လ ၂၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရွှေစီမံကိန်းရှိ SHWE Phase 3 Development Project အရ Environmental Impact Assessment Survey လုပ်ငန်းများအား MV.JENNY ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

■

### ယနေ့ညနေအထိ ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား ကျိုင်းတုံမြို့၌ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၇**

(၇၇) နှစ်မြောက်ရှမ်းပြည်နယ်နေ့ကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။ ထို့နောက် တိုင်းမှူးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့ သဝဏ်လွှာကို ဖတ်ကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှည်းကူးမြို့နယ် ဝါးနက်ကုန်း(ကျောင်းစု) ကျေးလက်ကုန်ထုတ်လမ်းသစ်ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးနက်ကုန်း (ကျောင်းစု) ကျေးရွာ၌ ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ကုန်ထုတ်လမ်းမုခ်ဦးရှေ့တွင်ကျင်းပသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ကုန်ထုတ်လမ်းသစ်ကို အင်းတိုင်တပ်နယ်မှူး ဗိုလ်မှူးကြီးဟိန်းထက်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်လင်းသန်း၊ လှည်းကူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးခင်မောင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး နန်းထက်ဝင်းနှင့် ကျေးရွာ ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကုန်ထုတ်လမ်းသစ်အား ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### အကျိုးပြုမည်

အဆိုပါ ဝါးနက်ကုန်း(ကျောင်းစု) ကျေးရွာကုန်ထုတ်လမ်းသည် အရှည် ၁/၀ ဒသမ ၂ မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ၉ လက်မရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ ကျပ် ၁၆၇ ဒသမ ၈၆၄ သန်းဖြင့် ငွေစင်ဆန်းသစ်ကုမ္ပဏီက ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်သောကြောင့် ကျေးလက်နေပြည်သူများ၏ လယ်ယာမြေများမှ စိုက်ပျိုးသီးနှံထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာ စွာဖြင့် အချိန်မီ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကာ ကျေးရွာအတွင်းရှိ အိမ်ခြေ ၁၉၃ အိမ်၊ လူဦးရေ ၇၈၉ ဦးနှင့် လယ်ယာမြေဧက ၇၀၀ အား များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ကိုဇင်(ပြန်/ဆက်)

# အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပ

**သထုံ ဖေဖော်ဝါရီ ၇**

မွန်ပြည်နယ် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြု ဗဟိုဌာနခန်းမတွင် ယမန်နေ့ မွန်းလွဲပိုင်းက (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲတို့ကို ကျင်းပသည်။

အခမ်းအနားတွင် အမက(လွန်) ဝါးတောကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်စံပယ်က အမှာစကားပြောကြားပြီး သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်နုက ပြည်ထောင်စုနေ့နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် ပုံပြင်ပြော၊ ကဗျာရွတ်၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပရာ အမက(လွန်)ဝါးတောကျောင်းမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အနိုင်ရရှိသူတို့အား ဆုချီးမြှင့်ပေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်ထောင်စုနေ့ အကြောင်းသိကောင်းစရာ စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များ၊ ဓာတ်ပုံ မှတ်တမ်းများကို ခင်းကျင်းပြသထားရာ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# တောင်သာမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ကြည့်ရှုစစ်ဆေး

**တောင်သာ ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မီးဘေးလုံခြုံရေး သတိပေးနှိုးဆော်ခြင်းများ၊ မီးသတ်ရေလှောင်ကန်များ ရေဖြည့်တင်းခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးဓာတ်တိုက်လေ့ကျင့်ခြင်းနှင့် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၅ ရက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာများအလိုက် နေအိမ်များသို့ တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ လျှပ်စစ်မီးသုံးစွဲမှုအခြေအနေများ၊ မီးဖိုချောင် မီးသုံးစွဲမှု၊ မီးကြွင်းမီးကျန် မရှိစေရေးများ၊ မီးသတ်ဆေးဘူးထားရှိ အသုံးပြုမှု၊ မီးချိတ်မီးကပ်ထားရှိမှု အခြေအနေများ စစ်ဆေးခြင်းနှင့် ပွင့်လင်းရာသီရောက်ရှိနေပြီဖြစ်၍ မီးသုံးစွဲရာတွင် လိုက်နာရမည့်အချက်များကို အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ကျောင်းအခြေပြု ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေး ပညာပေး အစီအစဉ် ဟောပြောခြင်းနှင့် လက်တွေ့ ဓာတ်တိုက်သရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက ပြုလုပ်စဉ်။

တင်စိုးလွင်

# လေးမျက်နှာမြို့နယ်၌ တံတားလုပ်ငန်းများ ဖြစ်နိုင်ခြေလေ့လာမှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်

**လေးမျက်နှာ ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ တံတားလုပ်ငန်းများအား ဖြစ်နိုင်ခြေလေ့လာမှု (Feasibility Study)ကို မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးမြင့်လင်း ဦးဆောင်၍ Soil Test အဖွဲ့နှင့်အတူ ယမန်နေ့က မဲဇလီကျေးရွာအုပ်စု ငါးရံ့ကျော်ချောင်းတံတားအား စမ်းသပ်ခဲ့ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်၌ မြို့နယ်အတွင်းရှိ လက်ခုပ်ပင်ရိုး ဝက်သေတံတား၊ ကညင်ကွင်း တူးရိုးတံတား၊ ဆီဆုံကုန်း ကြာအင်းတံတား၊ မြစ်ကျိုးချောင်းတံတား၊ ကဇင်းပင်လယ်သိမ်တံတားနှင့် ငါးရံ့ကျော်ချောင်းတံတားအပါအဝင် စုစုပေါင်း တံတားခြောက်စင်းအား Soil Test စမ်းသပ်၍ ဖြစ်နိုင်ခြေလေ့လာမှုကို စမ်းသပ်လျက်ရှိကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

တင်ရွှေ(ပြန်/ဆက်)



မရမ်းကုန်းမြို့နယ် အမှတ် (၁)ရပ်ကွက်ရှိ ဘုရင့်နောင်ကားအပိုပစ္စည်းရောင်းဝယ်ရေးဈေးကြီး၌ ဖေဖော်ဝါရီ ၆ ရက်က မြို့နယ် မီးသတ်ဦးစီးမှူးဦးစိုးနိုင်၊ ဈေးတာဝန်ခံ ဦးဝင်းမြင့်နှင့် ဈေးသာယာရေးအဖွဲ့များ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးရုံအတွင်း ရေရရှိမှုအခြေအနေများ၊ လျှပ်စစ်သုံးစွဲမှုများနှင့် ဈေးဆိုင်ခန်းများ စစ်ဆေးခြင်းတို့ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ကမ္ဘောဒီးယားနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ဘဏ္ဍာရေးထောက်ပံ့မှု မြှင့်တင်မည်

ဖနောင်ပင် ဖေဖော်ဝါရီ ၇

ကမ္ဘောဒီးယားနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများအတွက် ကုန်သွယ်မှုဆိုင်ရာ ဘဏ္ဍာရေးထောက်ပံ့မှုမြှင့်တင်ရန်အတွက် ကမ္ဘောဒီးယား နိုင်ငံခြားကုန်သွယ်မှုဘဏ်က အာရှဖွံ့ဖြိုးရေးဘဏ်၏ ကုန်သွယ်မှုနှင့် ထောက်ပံ့ရေးကွင်းဆက် ဘဏ္ဍာရေးအစီအစဉ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း ယနေ့ဆင်ဟွာ သတင်းတစ်ရပ်အရ သိရသည်။

**လက်မှတ်ရေးထိုးခဲ့**

ကမ္ဘောဒီးယား နိုင်ငံခြားကုန်သွယ်မှုဘဏ် အမှုဆောင်အရာရှိချုပ် ဒစ်ဆိုချယ်လ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး ဗာမာတို့က ဖနောင်ပင်တွင် အဆိုပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါသဘောတူညီချက်သည် ကမ္ဘောဒီးယား၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်၏ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပဏာမခြေလှမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဗာမာက အခမ်းအနားတွင် ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားရှိ လုပ်ငန်းအားလုံး၏ ၉၉ ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် ကုန်သွယ်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းများကို ပံ့ပိုးပေးရေးအတွက် မိတ်ဖက်ဘဏ်များမှတစ်ဆင့် ဘဏ္ဍာငွေများ ပံ့ပိုးပေးခြင်းအားဖြင့် ဈေးကွက်ကွာဟချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားကုန်သွယ်မှုဘဏ် အမှုဆောင်အရာရှိချုပ် ဒစ်ဆိုချယ်လ်က မှတ်ချက်ပြု ပြောကြားခဲ့သည်။




ကမ္ဘောဒီးယား နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကုန်သွယ်မှုဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများ မြှင့်တင်ရေး ဆောင်ရွက်နေပြီး ယင်းအစီအစဉ်သည် နိုင်ငံခြားကုန်သွယ်မှုဘဏ်အတွက် စွမ်းရည်များ တည်ဆောက်ရာတွင် အထောက်အပံ့ဖြစ်စေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ



# ချီလီနိုင်ငံအလယ်ပိုင်း၌ တောမီးလောင်မှုကြောင့် သေဆုံးသူ ၁၃၁ ဦးအထိ ရှိလာ

ဆန်တီယာဂို ဖေဖော်ဝါရီ ၇

ချီလီနိုင်ငံအလယ်ပိုင်း ဗယ်ပါရိုင်ဆိုဒေသတွင် တောမီးလောင်မှုကြောင့် သေဆုံးသူ ၁၃၁ ဦးအထိ ရှိလာခဲ့ကြောင်း ချီလီနိုင်ငံ၏ တရားဝင်ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုဌာနက ဖေဖော်ဝါရီ ၆ ရက်တွင် ပြောကြားသည်။

ချီလီနိုင်ငံ၌ ဖေဖော်ဝါရီ ၂ ရက်က ဖြစ်ပွားခဲ့သော အဆိုပါတောမီးလောင်မှုအတွင်း ယင်းနေ့မှာပင် သေဆုံးသူ ၃၂ ဦးရှိခဲ့ကြောင်း သိရသည်။ ဒေသတွင်းရှိ နည်းပညာပိုင်းဆိုင်ရာ၊ ဆေးဘက်ဆိုင်ရာနှင့် အုပ်ချုပ်ရေးအဖွဲ့များအားလုံးတို့သည် ဆန်တီယာဂိုမှ ကျွမ်းကျင်ပညာရှင်များ၏ ပံ့ပိုးမှုဖြင့် အဆိုပါတောမီးလောင်မှုဆိုင်ရာ အရေးပေါ် အခြေအနေအား ကိုင်တွယ်ဖြေရှင်းရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ချီလီနိုင်ငံ၏ တရားဝင်ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုဌာနက ပြောကြားသည်။

ချီလီအမျိုးသား သဘာဝဘေးကာကွယ်ရေးနှင့် တုံ့ပြန်ရေးဌာနက ထုတ်ပြန်သည့် နောက်ဆုံးအစီရင်ခံစာအရ တောမီးလောင်မှုကြောင့် မြို့တော်ဆန်တီယာဂို၏ အနောက်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာရှိ ဗယ်ပါရိုင်ဆိုဒေသတွင် မြေဧက ဟက်တာ ၁၁၀၀၀ ကျော် ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါတောမီးလောင်မှုသည် ချီလီနိုင်ငံ၌ ဆယ်စုနှစ်ကာလအတွင်း လူသေဆုံးမှုအများဆုံး တောမီးလောင်မှုဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

# အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့ကြား တိုက်ပွဲများဖြစ်ပွားလျက်ရှိ သေဆုံးသူပေါင်း ၂၇၅၀၀ ကျော်အထိ ရှိလာ

ဂျေရုဆလင် ဖေဖော်ဝါရီ ၇

အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့ကြား တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၂၇၅၀၀ ကျော်ရှိကြောင်း ဂါဇာရှိ ကျန်းမာရေး အာဏာပိုင်များက ယနေ့ ပြောကြားသည်။

**လေးလအထိ ကြာမြင့်လာခဲ့**

ဟားမတ်စ်အဖွဲ့က အစ္စရေးကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စတင်တိုက်ခိုက်ခဲ့ရာမှ ဖြစ်ပွားခဲ့သည့် အပြန်အလှန် စစ်ဆင်ရေးဆင်နွှဲမှုများမှာ လေးလအထိ ကြာမြင့်လာခဲ့ပြီဖြစ်သည်။

ပဋိပက္ခ အစောပိုင်းကာလများတွင် အစ္စရေးစစ်တပ်က မြောက်ပိုင်းဒေသများရှိ ဒေသခံများကို တောင်ဘက်သို့ ထွက်ပြေးရန် ပြောကြားခဲ့ပြီး ဟားမတ်စ်အဖွဲ့၏ အမာခံနယ်မြေဖြစ်သည့် ဂါဇာမြို့ကို တိုက်ခိုက်ခဲ့သည်။

ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ (UNRWA) က ဂါဇာမြောက်ပိုင်းရှိ ပျက်စီးသွားသော ကျန်းမာရေးစင်တာနှင့် ၎င်း၏ ပတ်ဝန်းကျင်ကို ပြသသည့် ဗီဒီယိုဖိုင်ကို ဖေဖော်ဝါရီ ၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အစ္စရေးစစ်တပ်သည် မြောက်ပိုင်းဒေသများတွင် စစ်ဆင်ရေးဆင်နွှဲလျက်ရှိရာမှ ယခုရက်အနည်းငယ်အတွင်း တောင်ပိုင်းဒေသများသို့ စစ်ဆင်ရေး ထပ်မံဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသ၏ တောင်ပိုင်းဒေသရှိ ခန်ယွန်းနစ်မြို့၌ တိုက်ခိုက်မှုများအတွင်း ဟားမတ်စ်အဖွဲ့ဝင် ဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၁၀၇ ဦး သေဆုံးကြောင်း ဂါဇာရှိ ကျန်းမာရေး အရာရှိများက ဖေဖော်ဝါရီ ၆ ရက်တွင် ပြောကြားသည်။

ဟားမတ်စ်အဖွဲ့၏ အမာခံနယ်မြေဖြစ်သည့် ရာဖာမြို့၌လည်း ထိုးစစ်များ ဆက်လက်ဆင်နွှဲသွားမည်ဟု အစ္စရေး တပ်ဖွဲ့ဝင်များက ပြောကြားသည်။

ဂါဇာဒေသ၏ တောင်ဘက်အကျဆုံးမြို့ဖြစ်သည့် ရာဖာမြို့သို့ လူပေါင်း တစ်သန်းကျော်ကို ရွှေ့ပြောင်းထားသည့်အတွက် နောက်ထပ်အရပ်သားများ ထိခိုက်သေဆုံးမှုများအပေါ် စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

လက်ရှိအချိန်အထိ ဟားမတ်စ်အဖွဲ့သည် အစ္စရေးနိုင်ငံသားနှင့် ပြည်ပနိုင်ငံသား ၁၃၆ ဦးကို ဓားစာခံအဖြစ် ထိန်းသိမ်းထားဆဲဖြစ်သည်။

ကာတာနှင့် အီဂျစ်တို့၏ ကြားဝင်ဖျန်ဖြေမှုအောက်တွင် တိုက်ပွဲများ ရပ်တန့်ရန်နှင့် ဓားစာခံများ လွတ်မြောက်ရေးအတွက် ညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်



# ဂျပန်နိုင်ငံ၌ ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ နှောင့်နှေးမှုဖြစ်ပေါ်

တိုကျို ဖေဖော်ဝါရီ ၇

ဂျပန်နိုင်ငံ တိုကျိုအလယ်ပိုင်းနှင့် ယိုကိုဟားမားစီးတီးတို့အပါအဝင် ကန်တို–ကိုရှင်ဒေသတွင် ဆီးနှင်းများ ပိုမိုပြင်းထန်စွာကျလာကြောင်း ဂျပန်မိုးလေဝသတာဝန်ရှိသူများက ယနေ့တွင် ပြောကြားသည်။ ဒေသအများအပြားတွင် ဆီးနှင်းများထူထပ်နေမည်ဟု ခန့်မှန်းရပြီး လမ်းများနှင့် အများပြည်သူသွားလာမှုတွင် အနှောင့်အယှက်များ ဖြစ်နိုင်ကြောင်း



တာဝန်ရှိသူများက ထပ်လောင်းပြောကြားသည်။ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဂျပန်ကျွန်းစု၏ တောင်ဘက်ကမ်းရိုးတန်းတစ်လျှောက် အရှေ့ဘက်သို့ ရွှေ့လျားနေသောကြောင့် ကန်တို–ကိုရှင်ဒေသတွင် နှင်းများထူထပ်စွာ ကျဆင်းလာနိုင်ကြောင်း မိုးလေဝသအေဂျင်စီက ပြောကြားခဲ့ သည်။ ကန်တို–ကိုရှင် ဒေသတစ်ဝန်းအပါအဝင် နေရာအနှံ့အပြားတွင် ဆီးနှင်းများထူထပ်ကျဆင်းမှုဆိုင်ရာ သတိပေးချက်ထုတ်ပြန်ထားသည်။

ဆီးနှင်းကျဆင်းမှုသည် ကိုရှင်၊ ဟာကုန်၊ တမာနှင့် ချီချီဗူဒေသများတွင် ၃၀ စင်တီမီတာ၊ မြောက်ပိုင်းနှင့်တောင်ပိုင်း ကန်တိုလွင်ပြင်များတွင် ၁၅ စင်တီမီတာ ရှိသည်။ နှင်းများနှင့် အေးခဲသောလမ်းများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်နိုင်ခြေကို နိုင်ငံသားများသတိရှိကြရန် တာဝန်ရှိသူများက ညွှန်ကြားထားသည်။ ဓာတ်အားလိုင်းများနှင့် သစ်ပင်များပေါ်တွင် ဆီးနှင်းများ စုပုံလာခြင်း၊ အိမ်များပြိုကျခြင်းနှင့် နှင်းပြိုကျခြင်းတို့ ဖြစ်နိုင်ကြောင်း သတိပေးထားပြီး မလိုအပ်ဘဲ အပြင်ထွက်ခြင်းကို ရှောင်ကြဉ်ရေး အကြံပြုထားသည်။

ဒီဇင်ဘာ ၅ ရက် မွန်းလွဲပိုင်းမှစ၍ တိုကျိုနှင့် ကန်တို – ကိုရှင် ဒေသတွင် ဆီးနှင်းများထူထပ်စွာရွာသွန်းမှုကြောင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ ဖျက်သိမ်းခဲ့ရသည်။ ဖေဖော်ဝါရီ ၅ ရက်မွန်းလွဲပိုင်းမှ ဖေဖော်ဝါရီ ၆ ရက်မွန်းလွဲပိုင်းအထိ ကန်တို – ကိုရှင် ဒေသရှိတောင်တန်းများပေါ်၌ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်လာနိုင်ကြောင်း ဂျပန်မိုးလေဝသတာဝန်ရှိသူများက ပြောသည်။

**အကြံပေးထား**

ဂျပန်လေကြောင်းလိုင်းများသည် ယနေ့မွန်းလွဲပိုင်းတွင် တိုကျိုမြို့ ဟာနီဒါလေဆိပ်သို့ အသွားအပြန် ခရီးစဉ် ၆၈ ခုကို ဖျက်သိမ်းလိုက်ပြီဖြစ်သည်။ JR Bus Kanto ဟု အမည်ရသည့် အဝေးပြေးဘတ်စ်ကားလုပ်ငန်းသည် အိုဆာကာ၊ ကျိုတို၊ ဟိုဂို၊ တီကူရှီးမား၊ အေချီ၊ ဂီဖူး၊ ရှီဇူအိုကာ၊ နာဂါနို၊ ယာမာနာရှီစသည့် လမ်းကြောင်းများကို ချိတ်ဆက်သည့် လမ်းကြောင်းများနှင့် တိုကျိုမြို့သို့ ချိတ်ဆက်ထားသည့် ဝန်ဆောင်မှုအချို့ကို ဖျက်သိမ်းလိုက်ကြောင်း သိရသည်။ ထို့ပြင် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ထပ်မံ ဖျက်သိမ်းဖွယ်ရှိသောကြောင့် ခရီးသည်များအား နောက်ဆုံးရသတင်း အချက်အလက်များကို လိုက်နာဆောင်ရွက်ရေး ယင်းလုပ်ငန်းက အကြံပေးထားကြောင်း သိရသည်။

ကိုးကား–အင်န်အိတ်ချ်ကေ
ဘာသာပြန်–စိုးသူရ

# AA အဖွဲ့ လုပ်ဆောင်နေသည့် တရားမဝင်လုပ်ငန်းများနှင့်ပတ်သက်၍ ထွက်ဆိုချက်များ

နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နေသော်လည်း AA အကြမ်းဖက်အဖွဲ့အနေဖြင့် မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်စုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးကို ရခိုင်ပြည်နယ်နှင့် နိုင်ငံတကာသို့ ရောင်းဝယ်ဖြန့်ဖြူးနေမှုများကို မိဘပြည်သူများ သိရှိစေရန် တင်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ AA အကြမ်းဖက်အဖွဲ့မှ ၎င်းတို့၏ လူ/လက်နက်၊ ရိက္ခာနှင့် စက်သုံးဆီများ ဝယ်ယူဖြည့်တင်းနိုင်ရေးနှင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားများအတွက် တရားမဝင်ဘင်္ဂါလီခိုးဝင်မှုများကို ဥပဒေနှင့်မညီဘဲ အခကြေးငွေရယူကာ ဆောင်ရွက်လာခဲ့ကြပါသည်။ ယခုလို ဘင်္ဂါလီခိုးဝင်မှုများကို AA အဖွဲ့မှ ဗိုလ်မှူးကြီးအဆင့်ရှိ မင်းခန့်၏ စေခိုင်းမှုဖြင့် ဘင်္ဂါလီပွဲစားများနှင့် ချိတ်ဆက်လုပ်ကိုင်ခဲ့သူ၊ AA အဖွဲ့တွင် ရိက္ခာနှင့် စက်သုံးဆီများပို့ရန် သင်္ဘောဝယ်ယူခဲ့သူ၊ ကိုယ်တိုင်ရိက္ခာများ ဝယ်ပို့ခဲ့သူ ဇော်မင်းထွန်း(ခ)စိုးမိုးလင်း(ခ)ကိုညီ(ဘ) ဦးကျော်သန်းမြင့်နှင့် သာလီစွမုန့်တီဆိုင်ပိုင်ရှင် အနုပညာရှင် ရခိုင်အဆိုတော် လှမောင်သိန်း (ခ) ဘိုဝိုင်း(ဘ) ဦးကျော်လှတို့၏ ဝန်ခံထွက်ဆိုချက်များကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်-



**ဇော်မင်းထွန်း(ခ) စိုးမိုးလင်း (ခ) ကိုညီ (ဘ)ဦးကျော်သန်းမြင့်၏ဝန်ခံထွက်ဆိုချက်**

ကျွန်တော့်ကို ရသေ့တောင်မြို့နယ်က မဆဲကန်းမြို့က ကိုထွန်းကမိတ်ဆက်ပေးပါတယ်။ စစ်တွေက ကိုကျော်နိုင်နဲ့သိတယ်။ ကိုကျော်နိုင်က တစ်ခါထပ်ပြီး မိတ်ဆက်ပေးလို့ AA အကြမ်းဖက်အဖွဲ့က ကိုနေမိုးအောင်နဲ့သိပါတယ်။ ကိုရင်(ခ) ကိုမျိုးကိုကို ကိုသိတာ စစ်တွေက ကိုနေမိုးအောင် မိတ်ဆက်ပေးလို့သိတာပါ။ သူကစစ်တွေ၊ မြောက်ဦး၊ ပေါက်တောဘက်မှာ နေပါတယ်။ ပုစွန်ကန်တွေ၊ ငါးဖမ်းသင်္ဘော သုံးစင်းရှိပါတယ်။ အဲဒီသင်္ဘောသုံးစင်းက ရွှေသဇင်၊ လမင်းမေတ္တာ၊ တတိုင်းရ ဖြစ်ပါတယ်။ အဲဒါ ၂၀၂၃ ခုနှစ် ၁၁ လပိုင်းမှာ AA အကြမ်းဖက်အတွက် စက်သုံးဆီတွေ တင်လာရာမှာအဖမ်းခံရပါတယ်။ အဲဒီသင်္ဘောတွေကို ဦးစီးစောင့်ရှောက်ဖို့အတွက်၊ ကျွန်တော့်ကို လုပ်ကိုင်ဖို့အတွက် ဦးစီးဦးဆောင်လုပ်ဖို့အတွက် ကျွန်တော့်ကို ကိုမျိုးကိုကိုက ခိုင်းထားပါတယ်။ ရွှေသဇင်သင်္ဘောကို သိန်း ၂၃၀၀ နဲ့ ဝယ်ထားပါတယ်။ တတိုင်းရ သိန်း ၅၀၀ ပါ၊ လမင်းမေတ္တာက သိန်း ၄၀၀ ပါ၊ အဲဒီသင်္ဘောတွေမှာ စာချုပ်မှာ လက်မှတ်ရေးထိုးရာကတော့ သူတို့မလာတော့ ကျွန်တော်ကိုယ်တိုင် လက်မှတ်ထိုးလိုက်ပါတယ်။ အရောင်းအဝယ်စာချုပ်မှာ။ ကိုရင်(ခ) ကိုမျိုးကိုကို သူက AA က ဗိုလ်မှူးကြီးအဆင့်ရှိသူ ကိုမင်းခန့်နဲ့သိပြီးတော့ AA အဖွဲ့အတွက် စက်သုံးဆီတွေ၊ ရိက္ခာတွေ အကုန်လုံး သူက ထောက်ပံ့ပေးတယ်။ ကျွန်တော့်ကို ကိုမျိုးကိုကို မိတ်ဆက်ပေးတာက AA က ဗိုလ်မှူးကြီးအဆင့်ရှိမင်းခန့်နဲ့ မိတ်ဆက်ပေးတယ်။ သူကတော့ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦးဘက်မှာ လှုပ်ရှားနေတယ်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်နဲ့ မြောက်ဦးမှာ တစ်ခါတွေ့ပါတယ်။ နောက်ပိုင်းက ကျွန်တော်နဲ့ တယ်လီဂရမ်မှာ အဆက်အသွယ်ရှိပါတယ်။ ရသေ့တောင်မြို့နယ် အုတ်ဖိုရွာ တစ်မိုင်ခန့်အကွာ အဲဒီမှာ AA စခန်း၊ အဲဒီမှာ ကျွန်တော်က ကိုရင်(ခ)ကိုမျိုးကိုကိုက ပြောလို့ ကိုမင်းခန့်နဲ့ သွားတွေ့ပါတယ်။ ဘင်္ဂါလီကိစ္စကို အခွန်ကောက်ဖို့ကိစ္စအကြောင်း သွားတွေ့ပါတယ်။ ကျောက်တော်က ဇီးချောင်းဆည် AA က သိမ်းထားတယ်လို့ ပြောပါတယ်။ အဲဒီမှာ ကိုမျိုးကိုကိုက ကျွန်တော့်ကို ခေါ်တွေ့ပါတယ်။ လူ လေး၊ ငါးယောက်လောက်ရှိပါတယ်။ ဘင်္ဂါလီအကြောင်း အလုပ်ကိစ္စဆွေးနွေးပြီးတာနဲ့ အဲဒီမှာ ကိုမျိုးကိုကိုက အဲဒီကနေ ပြန်လွှတ်လိုက်ပါတယ်။ AA က ဗိုလ်မှူးကြီးအဆင့်ရှိ ကိုမင်းခန့်က ကျွန်တော့်ကို ဘာခိုင်းထားလဲဆိုတော့ ဒီအခွန်မဆောင်တဲ့ ဘင်္ဂါလီတွေ၊ ခိုးဝင်တဲ့ ဘင်္ဂါလီတွေ၊ အခွန်မဆောင်တဲ့ ငါးဖမ်းလှေတွေ၊ AA က ထွက်ပြေးတဲ့ စစ်ပြေးတွေ အဲဒါတွေကို ကျွန်တော့်ကို တယ်လီဂရမ်ကနေပြီးတော့ သတင်းပို့ခိုင်းပါတယ်။ ကျွန်တော်မောင်တောက Hamidula, Abdu Zawle, Nawziamauk တို့နဲ့ AA အကြမ်းဖက်အဖွဲ့နဲ့ ကိုနေမိုးအောင်တို့နဲ့ တရားမဝင် ဘင်္ဂါလီ လေးကြိမ် ခိုးသွင်းခဲ့ပါတယ်။ ဘင်္ဂါလီပွဲစားတွေ ပြောကြားချက်အရ ခိုးဝင်ဘင်္ဂါလီတွေက ဒီ AA အဖွဲ့တွေကို တစ်ယောက်ကို နှစ်သိန်းဆီ အခွန်ဆောင်ရပါတယ်။ တစ်လကိုနှစ်ကြိမ်ဝင်ပါတယ်။ တစ်ကြိမ်မှာတော့ ၇၀ ကနေ ၁၀၀ တန်းရှိပါတယ်။ ပြီးရင် ဘင်္ဂါလီပွဲစားတွေပို့တဲ့ စက်လှေက တစ်ယောက်ကို ခုနစ်သိန်းရပါတယ်။ ဘင်္ဂါလီပွဲစားတွေကတော့ တစ်ယောက်ကို သိန်း ၂၀ ရပါတယ်။ အဲဒီကနေပြီး ရေး၊ မော်လမြိုင်ဘက်သွား၊ ရေး၊ မော်လမြိုင်ဘက်ကနေ ထိုင်း၊ မလေးရှားသွားပါတယ်။ AA အဖွဲ့အနေနဲ့ တစ်ရာသီကို ငါးဖမ်းသင်္ဘောတစ်စင်းကို ၁၀ သိန်းစီနဲ့ အခွန်ကောက်ပါတယ်၊ ကိုရင်(ခ)ကိုမျိုးကိုကိုက ဒီသင်္ဘောတွေပေါ်မှာ ဂြိုဟ်တုဖုန်း သုံးလုံးဝယ်ထည့်ပေးလိုက်ပါတယ်။ ဂြိုဟ်တုဖုန်းတစ်လုံးက သိန်း ၄၀ ကျပါတယ်။ ပြီးရင် Radar ဝယ်ဖို့ ပြောပါတယ်။ Radar က တစ်လုံးကို သိန်း ၃၀၀ လောက်ကျတယ်ဆိုတော့ မဝယ်ဖြစ်ပါဘူး။ အကျခရာဆိုတာကတော့ ၂၀၂၃ ခုနှစ်မှာ ကိုမျိုးကိုကို မိတ်ဆက်ပေးထားလို့ သူက စစ်တွေ ရောက်ဆိုတော့ အကျခရာက စက်ပစ္စည်းတွေ၊ အင်ဂျင်ဝိုင်တွေ ဝယ်ပေးပါတယ်။ ငွေကတော့ Kpay တို့၊ Wave money တို့ကနေပြီးတော့ သူ့ကို လွှဲပေးရပါတယ်။ ကျွန်တော် ရန်ကုန်ရောက်တော့ အဲဒီမှာ ကိုမျိုးကိုကိုတို့၊ ကိုမင်းခန့်တို့က ရခိုင် ဆင်းလာဖို့ ခေါ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်မိန်းမက မှတ်ပုံတင်မရှိလို့ မှတ်ပုံတင်အတု လုပ်ပါတယ်။ မှတ်ပုံတင်အတုလုပ်ပြီးတော့ အိမ့်သူလင်း နာမည်နဲ့ ၈၀၀၀၀ ကျပါတယ်။ ၈၀၀၀၀ ကျတာကို တစ်သိန်းပေးလိုက်ပါတယ်။ နောက်တစ်ရက်ဆိုရင် ကျွန်တော်ကနေပြီး သွားယူပါတယ်။ ဘိုဘိုဝင်း သာလီစွ မုန့်တီဆိုင်မှာ သွားယူပါတယ်။ သွားယူပြီးတော့ ကျွန်တော့်မိန်းမကနေပြီးတော့ မန္တလေးဘက် သွားတယ်။ ကျွန်တော်ကနေပြီး ရခိုင်ကို တောလမ်းကနေပြီးသွားပါတယ်။ ဒီဇင်ဘာလ ၂၉ ရက်နေ့ ကျွန်တော့်ကို အဲဒီမှာ ကိုရင်(ခ) ကိုမျိုးကိုကိုကနေပြီးတော့ ဒီဘိုဝင်းဆီမှာ ကားလက်မှတ် ယူပြီးတော့ ကျွန်တော့်ကို ရွှေပွင့်ဖြူကားနဲ့ လိုက်ခိုင်းပါတယ်။ လိုက်ခိုင်းပြီးတော့ မင်းဘူးမရောက်ခင် ၅ မိုင်ကနေပြီး ဆင်းလို့ပြောပါတယ်။ အဲဒီမှာ ကိုဇော်မိုးနဲ့ အဘစံနဲ့ ဆက်သွယ်ရမယ်လို့ ပြောပါတယ်။ အဲဒီမှာ ကျွန်တော် လမ်းမှာ အဖမ်းခံရပါတယ်။ ခိုးဝင်ဘင်္ဂါလီဆီက ကောက်တဲ့ ပိုက်ဆံနဲ့ စက်သုံးဆီတွေ ရိက္ခာတွေကို AA အဖွဲ့အတွက် ဝယ်ပေးရပါတယ်။ ကျွန်တော်တို့က ဝယ်ပြီး ကိုနေမိုးအောင်ကို အပ်ပေးရပါတယ်။ ကိုနေမိုးအောင်နဲ့ ဗိုလ်မှူးကြီးမင်းခန့်တို့ကပဲ စီစဉ်ပါတယ်။ ကျွန်တော် အခု ရခိုင်ကို ရန်ကုန်ကနေပြီး ပြန်လာတာလည်း မပြန်ရင် ကျွန်တော် အသတ်ခံရမှာစိုးလို့၊ ကျွန်တော့်အမေ ဟိုမှာရှိတယ်၊ အသက် ၇၀ ကျော်ပြီ။ အသတ်ခံရမှာစိုးလို့ အဲဒါကြောင့် ဒီကားလက်မှတ်နဲ့ပြန်ရင် ကျွန်တော် အဖမ်းခံရမယ်ဆိုတာ ကျွန်တော်သိတယ်။ ဒါပေမဲ့လည်း အသတ်ခံရမှာစိုးလို့ ကျွန်တော် ပြန်တယ်။ ရန်ကုန်မှာ ကျွန်တော် ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်ချင်တယ်။ အဲဒီမှာ ကျွန်တော့်မိန်းမကလည်း ကျွန်တော်နဲ့မပေါင်းဘူးဆိုပြီးတော့ သူ မန္တလေးဘက် ထွက်သွားလိုက်တယ်။ နှစ်ရက် သုံးရက် ကျွန်တော်ဖျားတယ်။ ကျွန်တော်မသွားဘူးလို့ ကျွန်တော် တွေးတယ်။ လွမ်းလို့ အိပ်မက်တွေမက်တယ်။ ကျွန်တော်အမေနဲ့ တွေ့ရမယ်ဆိုပြီးတော့ ကျွန်တော့်ကြောင့် မိသားစုတွေ ဒုက္ခရောက်တော့မယ်ဆိုတာ သိတယ်။ မထူးဘူးလို့၊ မိန်းမက နင်နဲ့ မပေါင်းဘူးတဲ့၊ မိန်းမကတော့ ထားလိုက်တော့ အမေက ကျွန်တော့်ဆေးဖိုးဝါးခပေးနေရတာ တစ်လကို ၁၅ သိန်းလောက်ကုန်တယ်။ အဲဒါနဲ့ ကျွန်တော်သွားတာ၊ ဒါပေမဲ့ ခိုင်းတာတော့ခိုင်းပြီးတော့ ကျွန်တော့်ကို တစ်ယောက်မှ တာဝန်ယူမယ့်သူ မရှိဘူးလေ။ တာဝန်မယူတဲ့အခါကျတော့ အဲဒီခုံနံပါတ်ကို ဒီကားတစ်စီးလုံးမှာ ကျွန်တော်တစ်ယောက်တည်းပါတာ။ တိတိကျကျဖမ်းခံရတယ် ကျွန်တော့်ကို။ သူတို့ခိုင်းလို့ ကျွန်တော်ကြောက်လို့ လုပ်ရတာပါ။ ခုကျတော့ ဒီဟာလုပ်တာတွေကို ကျွန်တော်နောင်တရပါပြီ။ ကျွန်တော့် အမေနဲ့လည်း ကျွန်တော် ပြန်တွေ့ချင်ပါတယ်။ ကျွန်တော် နောက်မလုပ်တော့ပါဘူး။



**သာလီစွ မုန့်တီဆိုင်ပိုင်ရှင် အနုပညာရှင် ရခိုင်အဆိုတော် လှမောင်သိန်း(ခ)ဘိုဝိုင်း (ဘ)ဦးကျော်လှ**

၂၀၁၅ ခုနှစ်မှာ ဒီအနုပညာလုပ်ငန်းထဲ စတင်ရောက်လာပြီးတော့ ၂၀၁၆ မှာပဲ ကျွန်တော် တေးစီးရီးအယ်လ်ဘမ်တစ်ခွေ **"ကြောက်စိတ်ဖယ်ထား ရခိုင်သား"** ဆိုတဲ့ တေးစီးရီးတစ်ခွေထုတ်ခဲ့ပါတယ်ခင်ဗျာ။ ၂၀၁၉ ခုနှစ် မတ်လထဲမှာ ဒီ AA အဖွဲ့က ဗိုလ်ကြီးအဆင့်ရှိတဲ့ ကိုဇော်မင်းဦး ထူထောင်ထားတဲ့ စတိပ်ရှိုးမှာ သီချင်းလေးခါဆိုဖူးပါတယ်။ အဲဒီလေးခါဆိုဖူးတဲ့အထဲမှာ ဒီနောက်ဆုံးသီချင်းဆိုတဲ့နေ့မနက်မိုးလင်းတာနဲ့ ကျွန်တော် စစ်တွေက ကိုယ့်အိမ်ကိုပြန်တဲ့အခါ သူ့မှာ အလုပ်သမားတစ်ယောက်နဲ့ ကျောပိုးအိတ်တစ်လုံးနဲ့ ကျွန်တော်နဲ့ ပုဏ္ဏားကျွန်းကို လမ်းကြုံထည့်ပေးလိုက်ပါတယ်။ ဈေးထဲကိုရောက်တော့ အဲဒီမှာ လူတစ်ယောက် လမ်းကိုထွက်ပြီးစောင့်နေပါတယ်။ အဲဒီအထုပ်ကို သူ့ကိုပေးထားခဲ့လိုက်ပါတယ်။ လိုက်လာတဲ့ညီလေးကိုကျတော့ အဲဒီနားမှာ ကျွန်တော်ထားခဲ့လိုက်ပါတယ်။ အဲဒီမှာ နောက်တစ်ခါ ကျွန်တော်ပြန်ပြီးတော့ အဲဒီဘက်သွားရင်းနဲ့ အဲဒီညီလေးနဲ့ ကျွန်တော်တို့ တွေ့ကြတယ်။ သူ့ကိုမေးကြည့်တယ်။ **"ညီလေး ဟိုတစ်ခါတုန်းက ပေးလိုက်တဲ့အထုပ်ကဘာလဲ။ တိပ်အဝါလေးနဲ့ ပတ်ထားတဲ့အရာ။ အဲဒီထဲမှာ မူးယစ်ဆေးဝါးလို့ သူ ပြောပါတယ်။"** အဲဒီအခါကျမှ ကျွန်တော်က သိခဲ့ရတာပါ။ ၂၀၂၂ ခုနှစ် ၁၀ လပိုင်းထဲမှာ AA တပ်ဖွဲ့မှ တာဝန်ရပ်စဲခံထားရတဲ့ ဗိုလ်ကြီးအဆင့်ရှိ ကိုဇော်မင်းဦးနဲ့ ကျွန်တော်အဆက်အသွယ်ကြားထဲမှာ ပြတ်ခဲ့ပါတယ်။ လုံးဝအဆက်အသွယ်မရခဲ့ပါဘူး။ ပြီးတော့မှ ၂၀၂၂ ခုနှစ် ၁၁ လပိုင်းမှာ ကျွန်တော် အဆက်အသွယ် ပြန်လည်ရခဲ့ပါတယ်။ ထီးချိုင့်ဘက်ရောက်နေတယ်။ မင်းငါ့ဆီကိုလာပြီး အသိတစ်ယောက်ဆီ မင်းဝက်မွေးမြူရေး သင်တန်းတက်ပါလားဆိုပြီး ကျွန်တော့်ကို ခေါ်ပါတယ်။ သူ့ဆီကို တက်သွားရပါတယ်။ အဲဒီမှာ အဲဒီဝက်ဆရာဆီမှာ ကျွန်တော် တစ်လကျော် နှစ်လနီးနီးလောက် ဝက်ပညာတွေ သင်ပြီးတော့ ကျွန်တော်ပြန်လာခဲ့ပါတယ်။ **စာမျက်နှာ ၁၅ သို့ ○**



တတိုင်းရနှင့် လမင်းမေတ္တာ-၇ အမည်ရှိ တရားမဝင်လှေတို့၏ ဦးပိုင်းအား တွေ့မြင်ရပုံ။



လမင်းမေတ္တာ-၇ အမည်ရှိ တရားမဝင်လှေ၏ စက်မကြီးအား တွေ့မြင်ရပုံ။

○ စာမျက်နှာ ၁၄ မှ

အဲဒီအချိန်မှာ ကျွန်တော်သိလိုက်ရတာက AA အဖွဲ့က ဗိုလ်ကြီးအဆင့်ရှိ ကိုဇော်မင်းဦး AA အဖွဲ့မှာ ပြန်ပြီး အလုပ်ပြန်လုပ်နေတာကို ကျွန်တော်သိခဲ့ရပါတယ်။ ၂၀၂၃ ခုနှစ် ၂ လပိုင်းထဲမှာ AA အဖွဲ့က ကိုဇော်မင်းဦးက မန္တလေးမှာ တစ်လကို အိမ်တစ်အိမ် နှစ်သိန်းခွဲနှုန်းနဲ့ ငှားပြီး ကျွန်တော့်ကို ထားခဲ့ပါတယ်။ လိုအပ်တဲ့ ကားပစ္စည်းတွေ ဝယ်ဖို့ ကျွန်တော့်ကို အိမ်ငှားခိုင်းလို့ အိမ်ငှားပေးခဲ့ပါတယ်။ ကျွန်တော်မန္တလေးမှာနေတုန်းက ဒီ AA အဖွဲ့က ဗိုလ်ကြီးအဆင့်ရှိတဲ့ ကိုဇော်မင်းဦးကို ကျွန်တော်ကားပစ္စည်းတွေ လေးခါလောက် ကျွန်တော်ပို့ပေးခဲ့ပါတယ်။ ပြီးတော့ စာအုပ်တွေ တစ်ကြိမ် ကျွန်တော်ပို့ပေးခဲ့ပါတယ်။ ပြီးတော့ ကျွန်တော့်ကို ပြောတာက နောက်ဆိုရင် ဒီအရေးကြီးတဲ့ပစ္စည်းတွေကို ပို့ရမယ်ဆိုပြီးတော့ ကျွန်တော့်ကို အမှားအယွင်းဖြစ်လို့ မရဘူး ပို့ပေးရမယ်၊ အဲလိုဟာတွေ ပြောလာတာတွေရှိပါတယ်။ ဒီ AA အဖွဲ့က ဗိုလ်ကြီးအဆင့်ရှိ ကိုဇော်မင်းဦးနဲ့ ကျွန်တော်က အပြောအဆိုတွေ အဆင်မပြေတော့လို့ ကျွန်တော်က ချက်ချင်းပဲ ကျွန်တော် ရခိုင်ကို ပြန်သွားပါတယ်။ ပြီးတော့ ရခိုင်အဆိုတော် မယုယုလှိုင်နဲ့ ပျဉ်းမနားမှာ မုန့်တီဆိုင်ဖွင့်ဆိုပြီးတော့ မိသားစုနဲ့ ပျဉ်းမနားကို ပြောင်းခဲ့ကြပါတယ်။ ပျဉ်းမနားမှာ သာလီစွဆိုတဲ့ မုန့်တီဆိုင်ဆိုပြီး သုံးလ ဖွင့်ခဲ့ပါတယ်။ ပြီးမှ ၈ လပိုင်း ကျွန်တော်တို့ ရန်ကုန်ကို ရောက်ပါတယ်။ ရန်ကုန်မှာက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ၃၁ လမ်းထိပ် သာလီစွမုန့်တီဆိုင်ဆိုပြီးတော့ ဖွင့်ပါတယ်။ ဒီ ၂၀၂၃ ခုနှစ် ၁၁ လပိုင်းမှာ ဒီရန်ကုန်ကနေပြီးတော့ ရခိုင်ကို သီချင်းဆိုမယ် ဆိုပြီးတော့ ကျွန်တော်တို့ဆရာ ဆရာအောင်ဂျမ်းက နေပြီးတော့ ပွဲခေါ်တာနဲ့ ၁၁ လပိုင်းမှာ ဆင်းသွားလိုက်ပါတယ်။ ရက် ၄၀ လောက် ကျွန်တော်နေခဲ့ပါတယ်။ ပြီးမှ ကျွန်တော့် သူငယ်ချင်း အကွခရာက ကျွန်တော် ရောက်နေတာသိပါတယ်။ ကျွန်တော့် အိမ်နီးနီးဆိုတော့ ကျွန်တော့်ဆီကို လာခဲ့ပါတယ်။ ကျွန်တော်က သူ့ကို ပြောပြပါတယ်။ ဒီမှာ ငါလည်းအဆင်မပြေဘူး။ မင်းအလုပ်လုပ်မလား။ သူငယ်ချင်း ရန်ကုန်မှာ ဘောစိတစ်ယောက်ရှိတယ်။ မင်း ရန်ကုန်သွားရင် အဲဘောစိနဲ့ အလုပ်လုပ်လို့ရတယ်ဆိုပြီးတော့ သူငယ်ချင်း အကွခရာ က ကျွန်တော့်ကို ပြောပါတယ်။ ရန်ကုန်ကို တက်လာခဲ့လိုက်ပါတယ်။ ကျွန်တော် ရန်ကုန်ကို ရောက်တဲ့အခါကျတော့ ဇော်မင်းထွန်း(ခေါ်)စိုးမိုးလင်း (ခေါ်)ကိုညီနဲ့ ကျွန်တော်ဖုန်းဆက်သွယ်ခဲ့ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ညီလေး တစ်ရက်ထပ်တွေ့ရအောင် ဆိုပြီးတော့ ကျွန်တော့်ကို ချိန်းပါတယ်။ နောက်တစ်နေ့မှာ တာမွေကျောက်မြောင်း အရှေ့ဘက်က RV ဆိုင်မှာ ကျွန်တော်တို့ တွေ့ခဲ့ကြပါတယ်။ အဲဒီနေ့က တွေ့ပြီးတော့မှ အလုပ်ကိစ္စလေးတွေ ပြောပါတယ်။ သင်္ဘောကို သွားကြည့်ပေးရပါမယ်။ သင်္ဘောပေါ်မှာ လူဘယ်နှစ်ယောက်ရှိလဲ၊ သင်္ဘောက ဆီတွေကို ခိုး၊ မခိုးဆိုတာကို စစ်ဆေးပေးရမယ်ဆိုပြီးတော့ ကျွန်တော့်ကို ပြောပါတယ်။ နောက်တစ်နေ့မှာ ကျွန်တော့်ကိုဖုန်းဆက်လာပါတယ်။ မိန်းမမှတ်ပုံတင်က အပိတ်ခံထားရတယ်။ သူက မှတ်ပုံတင်အတုတစ်ခု လုပ်ချင်တယ်။ ဇော်မင်းထွန်း(ခေါ်) စိုးမိုးလင်း (ခေါ်)ကိုညီရဲ့ မိန်းမရဲ့ မှတ်ပုံတင်အတုကို ကျွန်တော် ပိုက်ဆံရှစ်သောင်းနဲ့ ကျွန်တော် လုပ်ပေးခဲ့ပါတယ်။ ကျွန်တော့်ကို ပိုက်ဆံ တစ်သိန်းပေးလိုက်တယ်။ ပြီးတော့ လုပ်ခက ရှစ်သောင်း ပေးခဲ့ရပါတယ်။ ပန်းဆိုးတန်းကုလားဆိုင်မှာ မှတ်ပုံတင်အတု အိမ့်သူလင်းနာမည်နဲ့ ကျွန်တော် လုပ်ပေးခဲ့ပါတယ်။ ဇော်မင်းထွန်း (ခေါ်) စိုးမိုးလင်း (ခေါ်) ကိုညီကနေပြီးတော့ ဖုန်းဆက်လာပါတယ်။ ကားလက်မှတ် တစ်စောင်လောက် ချိတ်ပေးဖို့ပြောပါတယ်။ ရွှေပွင့်ဖြူကားနဲ့ မင်းဘူးဘက်ကို သွားမယ်ဆိုပြီးတော့ ကားလက်မှတ် တစ်စောင် ဖြတ်ပေးခဲ့ပါတယ်။ ကျွန်တော် အပြင်မှာ နှစ်ခါ၊ ကျွန်တော်တို့ဆိုင်မှာ သုံးခါဆိုရင် ငါးခါလောက်တွေ့ဖူးပါတယ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နေ့မှာ ကျွန်တော်တို့ တောင်ဥက္ကလာပ သာလီစွ မုန့်တီဆိုင်မှာ ဖမ်းဆီးခံခဲ့ရတာဖြစ်ပါတယ်။ ကျွန်တော်အခုလို အကုန်လုံး မိသားစု ရိုးရိုးသားသားလေး ဒီလိုလုပ်စားနေကြတာပေါ့လေ။ လုပ်စားနေကြတာမှာ ဒီလို ဒုက္ခရောက်စေမယ့်ဟာမျိုး၊ အဲလိုလုပ်စားနေတာကို ကျွန်တော်တို့လို ရိုးရိုးသားသား ဒီလိုလုပ်စားနေတာမျိုးကို ဒီလိုဒုက္ခရောက်မဲ့ ကိုယ်စီးပွားနဲ့ လုပ်စားနေတဲ့ဘဝလေးကို ဘာမဟုတ်တဲ့ အစွန်းအထင်းတွေနဲ့ ဘဝတွေကို မဖျက်ဆီးပါနဲ့လို့ AA အဖွဲ့ အနေနဲ့ ဒီလိုအသုံးမချပါနဲ့လို့ ဒီကနေပြီးတော့ တောင်းပန်ပါတယ်။ ဒီလိုရိုးသားတဲ့ ဘဝတွေ ခဏလေးနဲ့ ဆုံးရှုံးသွားတာကို ရင်နာမိပါတယ်လို့ ပြောချင်ပါတယ်။ ■



တတိုင်းရမှ တရားခံများ(ဝဲမှယာ)– တင်မောင်ထွန်း(စက်ဆရာ)၊ ထွန်းလွင်(ပဲ့နင်းငယ်)၊ ညီညီထွန်း(လှေသား)၊ စန်းနိုင်ဦး(ပဲ့နင်းကြီး)။



လမင်းမေတ္တာ– ၇ မှ တရားခံများ(ဝဲမှယာ)– မျိုးမင်းဝင်း(ပဲ့နင်း)၊ ရဲထွဋ်သန်း(ပဲ့နင်းငယ်)၊ သိန်းဇော်ဦး(စက်ဆရာ)၊ မြတ်ကိုဦး(လှေသား)။

# PDF အမည်ခံအကြမ်းဖက်သမားများက မင်းကင်းမြို့နယ် ကံကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား လေးဦး သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကံကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသား လေးဦး သေဆုံးခဲ့ကြောင်း သိရသည်။




PDF အမည်ခံအကြမ်းဖက်သမားများက မင်းကင်းမြို့နယ် ကံကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာပြပုံ။

### အကြောင်းမဲ့ပစ်ခတ်

ဖြစ်စဉ်မှာ PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက် ၆ နာရီခန့်တွင် ကံကျေးရွာ၏ အနောက်ဘက် မီတာ ၄၀၀ ခန့်အကွာမှနေ၍ ကျေးရွာအတွင်းသို့ ၄၀ မမ ဗုံးပစ်လောင်ချာများ၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာအတွင်း နေထိုင်လျက်ရှိသည့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား လေးဦး ဗုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။ ထို့ပြင် အဆိုပါ အကြမ်းဖက်သမားများသည် ကျေးရွာ၏အနောက်ဘက်ခြမ်းသို့ ဝင်ရောက်ကာ လူနေအိမ်များအား မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် လူနေအိမ် ၃၅ လုံးခန့် မီးလောင်ပျက်စီးသွားခဲ့ပြီး ၎င်းတို့ လာရာလမ်းအတိုင်းပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ မြို့/ ရွာ၊ လူနေရပ်ကွက်များအတွင်းသို့ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ ဒေသခံပြည်သူ သေဆုံးမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာ တစ်ဝိုက်အား လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အွန်လိုင်းလောင်းကစားမှုများ၊ ငွေကြေးခဝါချမှုများနှင့် အလိုရှိသည့် ဦးကျော်လွင်(ဘ)ဦးအလီကို ဥပဒေအရအရေးယူရန် ဖမ်းဝရမ်းထုတ်ဆင့်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ပိတောက်လမ်း အမှတ် (၂၅၀) နေ ဦးကျော်လွင်(ဘ) ဦးအလီသည် တရားမဝင်အွန်လိုင်းလောင်းကစားမှုများပြုလုပ်ခြင်း၊ ယင်းတရားမဝင်လောင်းကစားမှုများမှ ရရှိသော ငွေကြေးများ၊ ပစ္စည်းများကို အသွင်ပြောင်းလဲခြင်း၊ ဖုံးကွယ်ခြင်းများ ပြုလုပ်သည်ဟု သံသယဖြစ်ဖွယ်ရာ တွေ့ရှိရခြင်းများကြောင့် ၎င်းကို ဥပဒေအရ အရေးယူရန် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်တွင် ကော့သောင်းခရိုင်တရားရုံးက ဖမ်းဝရမ်းထုတ်ဆင့်ထားကြောင်း သက်ဆိုင်ရာမှ သိရသည်။



ဦးကျော်လွင်

သတင်းစဉ်

# ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့ရှိ နယ်မြေခံတပ်ရင်းအား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တပ်မတော်သားများ၏ ရှုပ်ရှုပ်ချုံချုံ ခုခံတိုက်ခိုက်မှုကြောင့် အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့ရှိနယ်မြေခံတပ်ရင်းအား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက် ၄ နာရီခန့်တွင် တပ်ရင်း၏ မြောက်ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်တို့မှနေ၍ Drop Bomb များ၊ လက်နက်ကြီး၊ လက်နက်ငယ်များ အသုံးပြု၍ အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ပြီး တစ်ချိန်တည်းတွင် မြို့ဆိုးတံတား လုံခြုံရေးစခန်းနှင့် နှစ်တန့်ကူးတံတားလုံခြုံရေးစခန်းများအားတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ တိုက်ခိုက်မှုများ ဖြစ်ပွားချိန်တွင် နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ ရဲမေများက ရှုပ်ရှုပ်ချုံချုံ ပြန်လည်တွန်းလှန်တိုက်ခိုက်ခဲ့သည့်အပြင် တိုက်ခိုက်ခံရသည်နှင့် တစ်ပြိုင်နက် တပ်မတော်မှ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများကို ဟန်ချက်ညီစွာဖြင့် ပစ်ကူပေးပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် စစ်ကူစစ်ကြောင်းများက တိုက်ခိုက်ခံရသည့် တပ်ရင်းဌာနချုပ်သို့ သွားရောက်ပူးပေါင်းနိုင်ခဲ့သည်။

အလားတူ တိုက်ပွဲဖြစ်ပွားချိန်တွင် နယ်မြေတည်ငြိမ်အေးချမ်းမှုကို လိုလားသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ အကြမ်းဖက်သမားများ ခိုအောင်းနေသည့် နေရာများသို့ တိကျစွာဖြင့် ပစ်ခတ်နှိမ်နင်းမှုများ ပြုလုပ်ခဲ့ရာ KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ထိခိုက်ကျဆုံးမှုများစွာဖြင့် မွန်းလွဲ ၂ နာရီခန့်တွင် အနောက်ဘက်နှင့် မြောက်ဘက်တို့သို့ ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် မိမိဘက်မှ စစ်သည်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အလောင်းလက်နက်အချို့ သိမ်းဆည်းရမိခဲ့ကာ အဆိုပါအကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးရာနေရာများသို့ တပ်မတော်မှ သောင်းကျန်းသူချေမှုန်းမှုစစ်ဆင်ရေးများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဇရပ်ကြီးမြို့အတွင်း လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ဇရပ်ကြီးမြို့ရှိ နယ်မြေခံတပ်ရင်းအား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည့် နေရာပြပုံ။




# ရပ်ရွာကာကွယ်ရေးအဖွဲ့ဝင်များက PDF အမည်ခံ အကြမ်းဖက်သမားနှစ်ဦးအား အရှင်လတ်လတ် မီးရှို့သတ်ဖြတ်သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများမှ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တရားမဝင်ပြည်ဖျက် မီဒီယာများ အနေဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် လူနှစ်ဦးအား အရှင်လတ်လတ် မီးရှို့သတ်ဖြတ်နေသည့် ရုပ်သံဖိုင်အား ဖြန့်ဝေလျက်ရှိပြီး ၎င်းလုပ်ရပ်အား ရပ်ရွာကာကွယ်ရေးအဖွဲ့ဝင်များက ကျူးလွန်ခြင်းဖြစ်သည်ဟု ရေးသားဖော်ပြလျက်ရှိသည်။




**အရှင်ဖမ်းဆီးရမိခဲ့ခြင်းမရှိ**

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံများထံမှ စုံစမ်းသိရှိရသည့် သတင်းရင်းမြစ်အချို့အရ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမအပတ်အတွင်း၌ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်းကျေးရွာတွင် လုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ရပ်ရွာကာကွယ်ရေးအဖွဲ့ဝင်များအား PDF အမည်ခံအကြမ်းဖက်သမားများက လာရောက်တိုက်ခိုက်ခဲ့ပြီး အကျအဆုံးများစွာဖြင့် ဆုတ်ခွာ ထွက်ပြေးသွားခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများအား အရှင်ဖမ်းဆီးရမိခဲ့ခြင်းမရှိကြောင်း ကနဦးသိရသည်။

ဆက်လက်စိစစ်ချက်များအရ လူမှုကွန်ရက်စာမျက်နှာများ၌ ဖြန့်ဝေလျက်ရှိသည့် ရုပ်သံဖိုင်၌ ရက်ရက်စက်စက် သတ်ဖြတ်ခံရသူနှစ်ဦးမှာ PDF အမည်ခံအကြမ်းဖက်သမားများဖြစ်ကြောင်း သိရှိရပြီး ၎င်းတို့အချင်းချင်း နယ်မြေလုခြင်း၊ ငွေကြေး အရှုပ်အရှင်းများရှိခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆက်လက်မလုပ်ဆောင်လိုခြင်းစသည့် အကြောင်းခြင်းရာများကြောင့် အချင်းချင်းစိတ်သဘောထားမတိုက်ဆိုင်သဖြင့် ၎င်းတို့အချင်းချင်း ယခုကဲ့သို့လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ထိုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းကို ရပ်ရွာကာကွယ်ရေးအဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သည့်အသွင်ဖြင့် လုပ်ကြံဖန်တီး ရိုက်ကူးထားသည့် ရုပ်သံဖိုင်တစ်ခုသာဖြစ်ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့နှင့် သဘောထား မတိုက်ဆိုင်သူများနှင့် ၎င်းတို့အလိုကိုလိုက်၍ လိုက်ပါဆောင်ရွက်ခြင်း မရှိသူများအား အကြောက်တရားများ လွှမ်းမိုးစေရန် အများပြည်သူများ ရှေ့မှောက်၌ တာယာကွင်းစွပ်၍ မီးရှို့သတ်ဖြတ်ခြင်း၊ လည်လှီးသတ်ဖြတ်ခြင်း၊ ဝါးရင်းတုတ်ဖြင့် ရိုက်သတ်ခြင်း၊ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်းစသည့် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များအား ကျူးလွန်လျက်ရှိသည်ကိုလည်း မကြာခဏဆိုသလို လူမှုကွန်ရက်စာမျက်နှာများ၌ စိတ်နှလုံးမချမ်းမြေ့ဖွယ်တွေ့မြင်နေရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ထိုကဲ့သို့ လူမဆန်သောရက်စက်ယုတ်မာသည့် အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်နေမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်နေသည့်အသွင်ဖြင့် နိုင်ငံတကာနှင့် ပြည်သူလူထုမှ အထင်မြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက အချိန်အခါကိုက် သတင်းတု၊ သတင်းမှားများအား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ကျောဖုံးမှ

လိုက်ရကာ ပေးဂိုး ၁၁ ဂိုးအထိ ရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ဒုတိယပိုင်းတွင် ကိုကိုလွင်က သွင်းယူခဲ့သည်။ Bintang Timur FC အသင်းသည် အင်ဒိုနီးရှားဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲထားသည့်အသင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ဖေဖော်ဝါရီ ၉ ရက်တွင် Bintang Timur FC အသင်းနှင့် ထပ်မံကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ–MFF**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၆၅ | ၂၈၁၅ | ၂၈၀၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၃၅ | ၂၈၂၀ | ၂၈၀၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၀၅ | ၂၈၁၅ | ၂၈၅၀ | ၂၈၅၀ | ၂၈၅၅ | ၃၀၈၀ | ၃၁၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၄၀ | ၂၉၃၅ | ၂၉၀၀ | ၂၉၃၅ | ၂၉၆၀ | ၂၉၄၅ | ၂၉၂၅ | ၃၀၂၀ | ၃၀၄၀ | ၂၉၃၀ | ၂၉၄၅ | ၂၉၇၅ | ၂၉၇၅ | ၂၉၈၀ | ၃၂၁၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၅၅ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၅၉၀ | ၂၆၀၀ | ၂၆၄၀ | ၂၆၄၀ | ၂၆၄၀ | ၂၈၇၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၆၀၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၀၅ | ၂၆၄၅ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၀ | ၂၇၅၀ | ၂၇၄၅ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၅ | ၂၆၈၅ | ၂၆၈၅ | ၂၉၁၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၆၁၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၂၀ | ၂၆၆၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၇၆၅ | ၂၇၆၀ | ၂၆၅၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၀၀ | ၂၇၀၀ | ၂၉၃၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၃၈ | ၂၇၂၅ |
| 95 Ron | ၂၇၆၀ | ၂၈၄၉ |
| HSD (500 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (50 ppm) | ၂၄၇၆ | ၂၅၅၆ |
| HSD (10 ppm) | ၂၄၉၁ | ၂၅၇၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

■ **တောင်ကိုရီးယားမှ**

တောင်ကိုရီးယားအသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းမှာ ကစားနေတဲ့ ကင်မင်ဂျေးပွဲပယ်ပြစ်ဒဏ်ကြောင့် မပါဝင်နိုင်ခဲ့လို့ ဂျော်ဒန်အသင်းနဲ့ပွဲစဉ်မှာ ခံစစ်ပိုင်းအားနည်းခဲ့ရတာဖြစ်ပြီး ဂျော်ဒန်အသင်းအတွက်တော့ အခွင့်အရေးတစ်ရပ်ဖြစ်လာခဲ့တာ ဖြစ်ပါတယ်။

**အခွင့်အရေးနဲ့ လွဲခဲ့ရ**

တောင်ကိုရီးယားအသင်းဟာ အာရှဖလားကို ၁၉၆၀ ပြည့်နှစ်က နောက်ဆုံးအကြိမ် ရရှိခဲ့တာဖြစ်ပြီး ဂျော်ဒန်အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် နှစ်ပေါင်း ၆၄ နှစ်အကြာမှာ အာရှဖလားကို တစ်ကျော့ပြန်ဆွတ်ခူးနိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရပြီဖြစ်ပါတယ်။

ဂျော်ဒန်အသင်းနဲ့ တောင်ကိုရီးယားအသင်းတို့ဟာ အုပ်စုအဆင့်မှာ တစ်ကြိမ်တွေ့ဆုံခဲ့ပြီး တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပေမယ့် ယခုဆီမီးဖိုင်နယ်အဆင့်မှာတော့ အာရှဖလားကို ဗိုလ်စွဲဖို့ရေပန်းစားနေတဲ့ တောင်ကိုရီးယားအသင်းဟာ ဂျော်ဒန်အသင်းကို ရှုံးနိမ့်ခဲ့လို့ ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်ပါတယ်။

**ပထမဆုံးအကြိမ် တက်လှမ်းခွင့်ရရှိ**

ဂျော်ဒန်အသင်းဟာ အသင်းရဲ့သမိုင်းတစ်လျှောက် အာရှဖလားဗိုလ်လုပွဲကို ပထမဆုံးအကြိမ် တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဂျော်ဒန်အသင်းဟာ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အီရန်အသင်းနဲ့ ကာတာအသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ အနိုင်ရရှိတဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အာရှဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်မှာ ကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။

**ငွေကြယ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**


စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ရေဦးမြို့နယ် ကုက္ကိုစုကျေးရွာမှ ပြည်သူနှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ပြီး လည်လှီးသတ်ဖြတ်ခဲ့ကြောင်း သတင်းအမှားများကို လုပ်ကြံရေးသားဝါဒဖြန့်ချိလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ကုက္ကိုစုကျေးရွာမှ ပြည်သူနှစ်ဦးအား ဖေဖော်ဝါရီ ၆ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ပြီး သတ်ဖြတ်သွားခဲ့ကြောင်းကို PDF အမည်ခံအကြမ်း




ဖက်အဖွဲ့၏ တာဝန်ခံတစ်ဦးက ပြောကြားခဲ့သည်ဟု သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရေဦးမြို့နယ် ကုက္ကိုစုကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့ ချောင်းမြောင်းတိုက်ခိုက်ရန်အတွက် ကြိုတင်ပြင်ဆင်လုပ်ဆောင်နေမှုများ သတင်းပေါက်ကြားခဲ့သည်ဟု အကြောင်းပြချက်ဖြင့် အဆိုပါကုက္ကိုစုကျေးရွာမှ ရွာသားများအား ခြိမ်းခြောက်ပြောဆိုခဲ့ပြီး ရွာသားနှစ်ဦးကို ဒလန်ဟု စွပ်စွဲသတ်ဖြတ်သွားခဲ့ကြောင်း အကြမ်းဖက်လုပ်ရပ်များကို လက်မခံသည့် ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


# မြင်းခြံမြို့နယ် ကန်ဆွယ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးတင်ရှို့ပြီး စစ်ဘေးရှောင်ပြည်သူ ၃၀၀ ခန့်ကို ဓားစာခံအဖြစ်ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကန်ဆွယ်ကျေးရွာကို ဖေဖော်ဝါရီ ၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာအတွင်းသို့ဝင်ရောက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဒရုန်းနှင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ကန်ဆွယ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးတင်ရှို့နေပြီး ဘုန်းကြီးကျောင်း၌ တိမ်းရှောင်နေသည့် ပြည်သူ ၃၀၀ ခန့်ကိုလည်း ဓားစာခံများအဖြစ် ဖမ်းဆီးထားရှိကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လိမ်လည်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးထံ ဆက်သွယ်မေးမြန်း ပြောကြားချက်အရ ယင်းရက်နေ့တွင် ကန်ဆွယ်ကျေးရွာအနီး၌ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ နှစ်ဖက်ထိတွေ့မှုဖြစ်ပွားခဲ့ကြောင်း သိရှိရပြီး ဒေသခံပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားခြင်းမရှိကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများမှ မြေပြင်ဖြစ်စဉ်သတင်းများကို အခြေခံကာ ပြည်သူများအား




သတင်းအမှန်များ ချပြရေးသားခြင်းမရှိဘဲ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် သတင်းတု၊ သတင်းအမှားများဖြင့် လိမ်လည်ရေးသားဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# "ဟာသမြို့တော်" ရယ်စရာ တစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များ တိုးမြှင့်တင်ဆက်မှုတွင် "ဟာသမြို့တော်" ရယ်စရာ တစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိရာ ယခုအပတ်တွင် "မူရင်းမှန်မှ မိတ္တူမှန်မယ်" ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ကောင်းဆက်၊ ဦးရာကျော်၊ ဦးတိမ်ညွှန့်၊ ဦးရွှေခဲ၊ မတူး၊ ကြူကြူသင်းနှင့် ဟာသပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို MRTV-HD Channel မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီ ၁၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




❂ **မြန်မာနိုင်ငံမှ**

ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ပညာရှင်အဆင့်ပြိုင်ပွဲ၌ ကျော်သက်ဦး (Okkala Golf Academy) က နှစ်ရက်ပေါင်း ရိုက်ချက် ၁၃၂ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ ပထမ၊ ရာဇာ (MGG) နှင့် သိန်းနိုင်စိုး (HAN Golf Academy) တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၃၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက် လျော့ရိုက်ကာ ဒုတိယနေရာတို့တွင် ရပ်တည်နေသည်။ Senior Pro အဆင့်တွင် မင်းနိုင်က သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ပြီး ၆၈ ချက်ဖြင့် ပထမ၊ ကျော်မိုးက သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ပြီး ၆၉ ချက်ဖြင့် ဒုတိယ၊ စိုးကျော်ကျော်နိုင် (Taylormade) နှင့် မြင့်သောင်း(Burmese Golf) တို့က ၇၂ ချက်ဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ယခုပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက်မှ ၉ ရက်အထိ လေးရက်ကြာ ကျင်းပလျက်ရှိသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MGF**

# မော်လမြိုင်မြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် (အကြို)ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲများကို ယနေ့နံနက်ပိုင်းတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)ကျောင်း၌ ကျင်းပသည်။



ဦးစွာ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)ကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်နီနီဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ၊ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ စသည်တို့ကို ဟောပြောရှင်းပြခဲ့ပြီး (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် (အကြို) နံရံကပ်စာစောင်ပြပွဲများကို ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးကိုကိုဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် မြို့မ(၁) ရပ်ကွက်၌ တစ်အိမ်တက်ဆင်းလိုက်လံကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်စဉ်။

၂၁၄

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## ဆိပ်ဖြူမြို့နယ်အတွင်း ကြက်သွန်နီ(မိုး)အသစ် ဈေးနှုန်းကျဆင်း



ဆိပ်ဖြူ ဖေဖော်ဝါရီ ၇

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရွာသစ်ရပ်ကွက် ကိုးတောင့်အုပ်စု၊ ချင်တောင်အုပ်စု၊ မြင်ကဝအုပ်စုအတွင်းရှိ ကျေးရွာများနှင့် ဆင်ဖြူကျွန်း၊ စလင်း၊ ချောက်၊ ရေနံချောင်းမြို့နယ်များအတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးထွက်ရှိသော ကြက်သွန်နီအသစ်များ ဇန်နဝါရီလဆန်းမှစတင်၍ ဆိပ်ဖြူကုန်စည်ဒိုင်သို့ ကြက်သွန်နီပိဿာချိန် ငါးသောင်းမှ တစ်သိန်းအထိ ဥပုသ်နေ့မှလွဲ၍ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး တစ်လအတွင်း ပိဿာချိန် သိန်း ၂၀ ခန့် ဝင်ရောက်လျက်ရှိကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းမှ စတင်၍ ကြက်သွန်နီအသစ်များ စတင်ထွက်ပေါ်လျက်ရှိရာ သီးနှံပေါ်စအချိန်တွင် တစ်ပိဿာလျှင် ထိပ်စအမြင့်ဈေး ကျပ် ၃၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ကြက်သွန်နီအသစ်များ လှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ကြက်သွန်နီအသစ်တစ်ပိဿာလျှင် ဇန်နဝါရီလပထမပတ်တွင် ထိပ်စအမြင့်ဈေး ကျပ် ၂၂၀၀-၂၄၇၅ ဖြင့်လည်းကောင်း၊ ဒုတိယပတ်တွင် ကျပ် ၂၀၀၀-၂၃၂၅ ဖြင့်လည်းကောင်း၊ တတိယပတ်တွင် ကျပ် ၁၈၅၀-၁၉၅၀ ဖြင့်လည်းကောင်း၊ စတုတ္ထပတ်တွင် ကျပ် ၁၈၇၅-၁၅၅၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ဆိပ်ဖြူကုန်စည်ဒိုင်သို့ မိုးကြက်သွန်နီအသစ်များ ဇန်နဝါရီလဆန်းမှစတင်၍ ကုန်စည်ဝင်ရောက်မှု များပြားလျက်ရှိရာ ဈေးနှုန်းတရိပ်ရိပ် ကျဆင်းလျက်ရှိကြောင်း၊ ဇန်နဝါရီလအတွင်း မိုးကြက်သွန်နီအသစ် တစ်ပိဿာလျှင် ကျပ် ၆၀၀ ခန့် ဈေးနှုန်းကျဆင်းသွားကြောင်း၊ ပြည်တွင်းဈေးကွက်အနေဖြင့် ဆိပ်ဖြူမြို့နယ်မှထွက်ရှိသည့် ကြက်သွန်နီများကို ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၊ ပုသိမ်မြို့နှင့် အခြားမြို့များသို့ နေ့စဉ်တင်ပို့လျက်ရှိပြီး ပြည်ပဈေးကွက်အနေဖြင့် တရုတ်၊ ထိုင်းတို့သို့ တင်ပို့လျက်ရှိကြောင်း၊ ဇန်နဝါရီလအတွင်း ကုန်စည်စီးဆင်းမှုအနေဖြင့် ရန်ကုန်ဘုရင့်နောင် ကုန်စည်ဒိုင်သို့ ၁၂ ဘီးကား ၁၀၄ စီးဖြင့် ပိဿာချိန် ၁၁ သိန်းခန့်၊ မြဝတီမြို့သို့ တွဲကားအစီး ၃၀ ဖြင့် ပိဿာချိန် ခြောက်သိန်းခန့်၊ မော်လမြိုင်မြို့သို့ ၁၂ ဘီးကား ၂၂ စီးဖြင့် ပိဿာချိန် နှစ်သိန်းခန့်၊ ပုသိမ်မြို့သို့ ခြောက်ဘီးကား ၁၅ စီးဖြင့် ပိဿာချိန် တစ်သိန်းခန့် စုစုပေါင်းကြက်သွန်နီ ပိဿာချိန် သိန်း ၂၀ ခန့်၊ တန်ချိန်အားဖြင့် ၃၂၆၆ တန်ခန့် ကုန်စည်စီးဆင်းခဲ့ကြောင်း ကုန်စည်ဒိုင်မှ သိရသည်။

## ပေါက်ခေါင်းမြို့နယ်၌ ဝါသီးနှံဈေးကောင်းရရှိ၍ တောင်သူများ အကျိုးအမြတ်ရရှိ

ပေါက်ခေါင်း ဖေဖော်ဝါရီ ၇

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝါသီးနှံစိုက်ပျိုးရန် ဝါကြီး ဧက ၇၅၀၊ ချည်မျှင်ရှည်ဝါ ဧက ၆၇၅၀ လျာထားခဲ့ပြီး ဝါကြီး ၁၈၀၄ ဧကနှင့် ချည်မျှင်ရှည်ဝါ ၅၈၃၆ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဝါအမျိုးအစားများအနေဖြင့် ရွှေတောင် ၈/၁၀ မျိုး၊ ရာကာ ၆၆၆ မျိုး၊ ငွေချည် ၆/၉ မျိုး စသည့်ဝါများကို စိုက်ပျိုးကြကြောင်း သိရသည်။

ဝါသီးနှံများကို မိုးကြိုရာသီဖြစ်သော ဖေဖော်ဝါရီလနှင့် မတ်လတို့တွင်လည်းကောင်း၊ မိုးရာသီဖြစ်သော မေလနှင့် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် စိုက်ပျိုးကြကြောင်း၊ ယခုအချိန်တွင် ထွက်ရှိသော ဝါသီးနှံများမှာ ဇူလိုင်လနှင့်ဩဂုတ်လတို့တွင် စိုက်ပျိုးသော သီးနှံများဖြစ်ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာ ၇၂၀ ကျော်ထွက်ရှိရာ ဝါသီးနှံထွက်ပေါ်ချိန်တွင် အခါလွန်မိုးရွာသွန်းမှုကြောင့် အထွက်နှုန်းအနည်းငယ်ကျဆင်းလာကြောင်း၊ ဈေးနှုန်းအနေဖြင့် ဝါသီးနှံထွက်ပေါ်ချိန်တွင် တစ်ပိဿာလျှင် ကျပ် ၃၅၀၀ ဈေးနှုန်းရှိခဲ့ပြီး ယခုအချိန်တွင် ဝါတစ်ပိဿာလျှင် ကျပ် ၃၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်နှစ်တွင် ဝါတစ်ပိဿာလျှင် ကျပ် ၂၃၀၀ သာရှိခဲ့ရာ ယခုနှစ်တွင် ဝါသီးနှံဈေးကောင်းရရှိလာကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ပေါက်ခေါင်းမြို့နယ်မှ ထွက်ရှိသောဝါများကို မြို့ပေါ်ရှိ ဝါစက်များနှင့် ဝါဒိုင်များသို့ သွားရောက်ရောင်းချကြောင်း၊ ဝါစိုက်တောင်သူများအနေဖြင့် ယခုနှစ်တွင် ဝါသီးနှံအထွက်နှုန်းလျော့နည်းခဲ့သော်လည်း ဈေးနှုန်းကောင်းမွန်သည့်အတွက် အကျိုးအမြတ်များ ရရှိခဲ့ကြောင်း သိရသည်။

## လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

လွယ်ဂျယ် ဖေဖော်ဝါရီ ၇

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဖေဖော်ဝါရီ ၄ ရက်မှ ၅ ရက်အတွင်း တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုဆောင်ရွက်ရာ၌ ဆန် ၂၆၂ ဒသမ ၅၀ တန်၊ ဆန်ကွဲ ၂၃၁ တန်၊ ကြက်သွန်နီ ၉၇ တန်၊ ဆီးခွဲခြမ်း ၃၃ တန်၊ ငရုတ်ခြောက် ၁၅ ဒသမ ၅၀ တန်၊ ချင်းခြောက် သုည ဒသမ ၅၅၀ တန်၊ ဖရဲသီး ၁၁၂ တန်၊ ကြံ တန် ၅၇၀၊ တစ်သျှူးငှက်ပျော ၁၁၃၈ တန်နှင့် ဆီးဆန် ၂၅ တန် တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းအနေဖြင့် ဆန် ၅၆၀ ဒေါ်လာ၊ ဆန်ကွဲ ၄၅၀ ဒေါ်လာ၊ ပြောင်း ၃၁၀ ဒေါ်လာ၊ ဖရဲသီး ၁၅၀ ဒေါ်လာ၊ တစ်သျှူးငှက်ပျော ၃၈၀ ဒေါ်လာနှင့် ပဲတီစိမ်း ၆၅၀ ဒေါ်လာရှိကြောင်း သိရသည်။

ယခုပတ်အတွင်း သွင်းကုန်များအနေဖြင့် သံ ၁၃၈ ဒသမ ၄၂၀ တန်၊ ချပ်ဖာ ၅၀ တန်၊ ကုန်စုံ ၃၅၆ ဒသမ ၉၀ တန်၊ ၂၇၆၇၄ ခု၊ အရန် ၂၀၀၊ စက္ကူ ၁၈ ဒသမ ၅၀ တန်၊ သံပိုက် ၁၈ ဒသမ ၇၀ တန်၊ စက္ကူလိပ် ၆ ဒသမ ၅၀ တန်၊ ပိုက်ဆက် ၂၂ ဒသမ ၇၀ တန်၊ ဆေး အခု ၆၂၃၀၀၊ ပိုက် ၇ ဒသမ ၃၀ တန်၊ အခု ၃၀၊ ပလတ်စတစ် ၁၉ တန်နှင့် မြက်ခင်းတု ၇ ဒသမ ၉၀ တန် တင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းအနေဖြင့် စက္ကူလိပ် ၃၅၀ ဒေါ်လာ၊ ပီနံအိတ် ၈၀၀ ဒေါ်လာ၊ ပိတ်လိပ် ၅၇၀ ဒေါ်လာ၊ ချပ်ဖာ ၃၉၀ ဒေါ်လာ၊ ချည်ခင် ၆၆၇ ဒေါ်လာရှိကြောင်း သိရသည်။

## ပြင်ဦးလွင်မြို့၌ စတော်ဘယ်ရီသီးများ စတင်ထွက်ပေါ်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၇



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် စတော်ဘယ်ရီသီးနှံကို အဓိကထား စိုက်ပျိုးကြပြီး ဝင်ငွေကောင်းမွန်သော သီးနှံတစ်မျိုးဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့နယ်တွင် စတော်ဘယ်ရီသီးနှံကို စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် စတင်စိုက်ပျိုးကြပြီး ဇန်နဝါရီလမှစတင်၍ မေလအထိ ခူးဆွတ်ရကြောင်း သိရသည်။

ပြင်ဦးလွင်မြို့နယ်တွင် စတော်ဘယ်ရီသီးနှံကို စိုက်ဧက ၂၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကအထွက်နှုန်းအနေဖြင့် ၉၆၈ ဒသမ ၁၉ ပိဿာထွက်ရှိကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် ကျပ် ၄၅ သိန်းခန့်ဖြစ်ကြောင်း၊ ဇန်နဝါရီလမှစတင်၍ စတော်ဘယ်ရီသီးနှံများ ထွက်ပေါ်နေပြီဖြစ်ရာ စတော်ဘယ်ရီ (ထိုင်ဝမ်+ဂျပန်)အကြွပ်သီး အဖွင့်ဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ဖြင့်လည်းကောင်း၊ စတော်ဘယ်ရီသီး (ထိုင်ဝမ်အချိုသီး) တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ ဖြင့်လည်းကောင်း ရောင်းချလျက်ရှိကြောင်း၊ စတော်ဘယ်ရီသီးနှံထွက်ပေါ်ချိန် ငါးလတာကာလအတွင်း သီးနှံများလှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ဝယ်လိုအားထက် ရောင်းလိုအားများပြားသည့်အတွက် ဈေးနှုန်းကျဆင်းမှုများ နှစ်စဉ်ဖြစ်ပေါ်လေ့ရှိကြောင်း တောင်သူနှင့် ကုန်သည်များထံမှ သိရသည်။

ဈေးကွက်အနေဖြင့် ပြည်ပတင်ပို့နိုင်မှုမရှိသေးသော်လည်း ပြည်တွင်းဈေးကွက်သို့ အသီးအစိမ်းအနေဖြင့်သော်လည်းကောင်း၊ ယိုစုံ၊ Jam၊ ဝိုင်စသည့် စားသောက်ကုန်များ ထုတ်လုပ်၍သော်လည်းကောင်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား / ကူးသန်း**

### ၇.၂.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကွတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၃၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၇၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၁၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၇၅၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၄၀၀ | ၁၅၀၀၀ | ၅၉၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၉၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၅၈၅ | ၁၆၀၀၀ | ၃၅၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၅၀ | | ၆၇၅၀ | ၁၇၀၀၀ | ၆၀၃၀ | ၁၃၅၀၀ | ၂၇၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၈၀၀ | | ၅၈၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၁၁၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၅၀၀ | | ၅၂၀၀ | ၁၆၀၀၀ | ၅၄၇၅ | ၁၈၀၀၀ | ၃၂၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၄၅၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၃၀၀၀ | ၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၆၅၀၀ | | ၈၀၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၀၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၇၂၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၃၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၉၇၅ | ၁၃၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၈၀၀ | ၆၈၀၀ | ၅၅၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၁၆၅၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၂၈၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၂၀၀ | ၁၅၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၄၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၈၀၀ | ၃၇၀၀ | ၂၆၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗဟန်းဈေး၊ ရုံ/အထပ် အမှတ်(ခ)၊ ဆိုင်ခန်းအမှတ် ၉၃/၉၄ ဆိုင်ခန်းအငှားချထားခံရသူ ဒေါ်တင်တင်ရီ၊ နိုင်/ကတ်ပြားအမှတ် [၁၂/ဗဟန(နိုင်)၀၁၁၃၇၈]၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ်(၉၃/၉၄) ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဈေးများဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**သက်ဆိုင်ရာဈေးတာဝန်ခံ၏ ဖုန်းနံပါတ်-09-450020286**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ မြို့မ(၆)လမ်း၊ တိုက်အမှတ်-၄၁၁/ခရှိ ဒုတိယထပ်၊ (၃)လွှာတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးသူရအောင်[၁၂/ဒဂမ(နိုင်)၀၀၆၀၉၂]နှင့် ဒေါ်ခိုင်ပွင့်ဖြူ[၁၂/သကတ(နိုင်)၁၅၁၆၀၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့တွင် အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ဦးသူရအောင်နှင့် ဒေါ်ခိုင်ပွင့်ဖြူတို့၏ ရောင်းချခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းတင်**
**(အထက်တန်းရှေ့နေ) (စဉ်-၂၀၈၁၉)**
**အမှတ်-၂၇/၂၉၊ တတိယထပ်၊ (၃၅)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၂၉၈၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ လူနေရပ်ကွက်၊ မြေကွက်အမှတ်(၇၄၃)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိ ဦးကံထွန်း မြေချပါမစ် အမည်ပေါက်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (အလျား ၁၀ ပေ x အနံ ၆၀ ပေ) ပေါ်ရှိ ဆောက်လုပ်ထားသော အိမ်၊ ခြံ၊ မြေ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် လက်ရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးရဲထွဋ် [၁၂/ဒဂတ(နိုင်)၀၀၃၆၂၃] ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်သန်းစိုး [၁၁/မပန(နိုင်)၀၆၁၄၅၂]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ကြည်သန်းစိုး၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်လင်းထွန်း (LL.B, PGDB)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၇၁၁)**
**အမှတ်(၁၂၃/ခ)၊ သမာဓိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၃၈၈၀၂၇၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ (၁၄)ရပ်ကွက်၊ အောင်ဇေယျလမ်းနှင့် မိုးကောင်းလမ်းထောင့်၊ မြေကွက်အမှတ် - ၁၁၂ (ရွှေမိုးကောင်းကွန်ဒို-D) အတွင်းရှိ အခန်းအမှတ် - ၃၀၁၊ (၃)လွှာ၊ ဧရိယာ (၂၅၂၃ စတုရန်းပေ) ကျယ်ဝန်းသော ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့် စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို Great Master Construction ၏ (ကိုယ်စား)ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးတင်မောင်ဦး [၁၂/တမန(နိုင်)၁၁၂၃၀၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးကျော်သီဟစိုး [၁၂/အစန(နိုင်)၁၅၁၉၈၃] နှင့် ၎င်း၏ဇနီး ဒေါ်ဝင်းကလျာသောင်း [၁၂/ဒဂန(နိုင်)၀၂၆၃၇၄]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်သီဟစိုး နှင့် ဒေါ်ဝင်းကလျာသောင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်အေးဝင်း (LLB)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ဇာနည်(၁၄)လမ်း၊ မြေကွက်အမှတ်(၄၇၆/ခ)ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း(၆)ထပ်တိုက်၏ စတုတ္ထထပ်၊ ၅-လွှာ၊ ဧရိယာ (၉၇၂စတုရန်းပေ)ကျယ်ဝန်းသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်၍ တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးသူရဇော် [၈/ရနခ(နိုင်)၁၀၈၀၇၀]နှင့် ဒေါ်ပန်းနုခရေ[၈/ခမန(နိုင်)၁၄၁၉၂၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုမွန်[၁၂/မရက(နိုင်)၁၄၇၀၁၄]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ဆုမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၇)ရပ်ကွက်၊ ငုဝါမြိုင်လမ်း၊ အမှတ်(၁၉၆)၊ တရားဝင်မခွဲစိတ်ရသေးသော မြေအကျယ်ပေ(အလျား၂၀ x အနံ ၆၀) (ပါမစ်မိတ္တူ)မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်အေးအေးသန်း[၁၂/အလန(နိုင်)၀၁၈၂၇၈] အမည်ဖြင့် မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသော ဒေါ်နန်းခမ်းအေး[၁၃/ကမန(နိုင်)၀၂၁၀၆၂]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက်ရောင်းချရန် ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန် ငွေတစိတ်တဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း ၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ခရေလမ်း၊ အမှတ်(၁၀၄၄) ခေါင်းရင်းခြမ်း(ထောင့်ခြမ်း) ၆ ထပ်တိုက်၊ ဒုတိယလွှာ(A-3)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ရေ၊ မီးအပြည့်အစုံပါ၊ လူနေထိုင်သုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထား၍ ရောင်းပိုင်ခွင့်ရှိသည့်ဟုဆိုသော ဒေါ်မိုးသူဇာ [၁၁/တကန(နိုင်)၀၅၈၁၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သတ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကုမုဒြာ L.L.B,D.B.L,D.I.L,IDCS**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၉၉)**
**ဖုန်း-၀၉-၄၂၀၀၉၉၆၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ယမုံနာ-၂၊ မြေကွက်အမှတ်-က/ ၂၀၇၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၂၀၇၊ ယမုံနာ-၁လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်ကြည် [၁၂/ဒပန(နိုင်)၀၁၇၇၆၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်(မိခင်)၊ ဦးစူလတန်မိုဟာမက်(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်ကြည်(P/RGN-၀၀၉၂၀၇)မှ တစ်ဦးတည်းသော သမီးအရင်းတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဒေါ်ကြည်၏သေစာရင်း၊ ဦးစူလတန်မိုဟာမက်၏ သေစာရင်းမှတ်တမ်း ရှာဖွေမတွေ့ပါသဖြင့် သေစာရင်းမိတ္တူမှန်ထုတ်ပေးခြင်းမပြုနိုင်ပါကြောင်း တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ၉-၁-၂၀၂၀ ရက်စွဲပါ စာဖြင့်အကြောင်းကြားစာနှင့် ဒေါ်မြင့်မြင့်ကြည်၏ဖခင်သည် ဦးစူလတန်မိုဟာမက် မှန်ကန်ပြီး သေစာရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ဒေါပုံမြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၏(၁၃-၈-၂၀၂၀)ရက်စွဲပါ စာဖြင့်ဒေါပုံမြို့နယ်စည်ပင်သာယာရေးကော်မတီ၏(၁၀-၈-၂၀၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အပိုဒ်(၃)(ဆ)၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့အရ ဒေါ်မြင့်မြင့်ကြည်၏ဖခင် ဦးစူလတန်မိုဟာမက်သေဆုံးသည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်၊ ဒေါပုံမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ(၁၁-၆-၂၀၂၁)ရက်စွဲပါစာဖြင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှတ်တမ်းမိတ္တူပေးပို့ တင်ပြစာ၊ ဒေါ်ကြည်အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၄၃၀(ဆ)အရ
## ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ်
## ထုတ်ဆင့်သည့် ကြော်ငြာစာ။
## သဃ်န်းကျွန်းခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၇

ထိုက်ထိုက်ကုမ္ပဏီလီမိတက် ---------- လျှောက်ထားသူ။
(၎င်း၏ကိုယ်စား ဦးအောင်ကျော်စိုး
မန်နေဂျာ)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်-၃၀ တွင် ဖွင့်လှစ်ထားသည့် ထိုက်ထိုက်ကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား ဦးအောင်ကျော်မိုးမန်နေဂျာ)မှ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဖြင့် Myanmar Companies Online (MYCO)တွင် နှစ်စဉ်အစီရင်ခံစာ Annual Return တင်ပြရန် ပျက်ကွက်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၄၃၀(ဆ) အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားချက်ရှိသည်ဖြစ်၍ အဆိုပါ လျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက် လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်၊ (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်)နေ့ မွန်းမတည့်မီ (၁၀း၀၀) နာရီအချိန်၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးအားဖြင့်သော် လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် ယခုမိန့်ကြား ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော ထိုက်ထိုက်ကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား ဦးအောင်ကျော်စိုး မန်နေဂျာ)၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၆)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ရောင်းမည်

တောင်ဒဂုံစက်မှုဇုန်(၁) ဟားခါးလမ်း၊ နေရာကောင်း၊ ထောင့်ကွက် မြေအကျယ်ပေ (၁၂၀ x ၁၂၀)ဂိုဒေါင် အကျယ်ပေ (၄၅ x ၇၃)

**ဖုန်း-၀၉-၅၀၂၈၂၉၁၊**
**၀၉-၅၁၇၅၄၄၂**

## ပြင်ဆင်ဖတ်ရှုပါရန်

**၅-၂-၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁)SPဒေါ်မိုးသက်နိုင်၏အရောင်း+အမှားပြင်မြေပုံကူးနှင့်မြေတိုင်းတွင် မြေအမည်ပေါက်-ဦးဇော်ဝင်းအစား ဒေါက်တာဝင်းမာထွန်းဟုအမှန်ဖတ်ရှုပါရန်။**

## သွေးသည် အသက်

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

“ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ လူနေရပ်ကွက်အမှတ် ယမုံနာ(၂)ရပ်ကွက်၊ (၂) လမ်း၊ မြေကွက်အမှတ် (က/၂၁၉)၊ အကျယ်အဝန်း (၂၅ x ၅၀)ပေရှိ မြေကွက်အား ဒေါ်အုန်းဆင့် + ဦးသိန်းမောင်တို့မှ နှစ် (၆၀)မြေငှားဂရန်အမည်ပေါက်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏မြေညီထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း($12\frac{1}{2}$ x ၅၀)ပေရှိ တိုက်ခန်းနှင့် အကျယ်အဝန်း($12\frac{1}{2}$x ၅၀)ပေ၏ မြေရှင်အကျိုးခံစားအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်” အားလုံးတို့အား ဦးသိန်းမောင်ခံစားခွင့်ရှိသော မြေပိုင်ဆိုင်မှုကို ဆက်စပ်စာချုပ်များဖြင့် ဒေါ်သန်းသန်းမော်[၁၂/ဒပန(နိုင်)၀၁၆၉၅၂]မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်သန်းသန်းမော်မှ အကျိုးခံစားခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိသော အထက်ဖော်ပြပါ တိုက်ခန်းနှင့် မြေရှင်အနေဖြင့် အကျိုးခံစားခွင့်တို့အား ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအပါအဝင် မြေရှင်အကျိုးခံစားခွင့်တို့နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် (၇)ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိခိုင်(LL.B)(စဉ်-၁၆၀၇၅) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊ ဒလမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-254405798**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၅)၊ မြေကွက်အမှတ်(၁၅၄)၊ ရတနာသိဒ္ဓိလမ်း၊ အမှတ်(၁၅၄)ရှိ (၂)ခန်းတွဲ (၅)ထပ်တိုက်မှ ဒုတိယထပ်(၃လွှာ)၊ တိုက်မျက်နှာမူ(ညာ)၊ အကျယ်အဝန်း (၅၄၀.၅) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသက်လင်းအောင် [၁၂/ဥကမ(နိုင်)၁၆၇၈၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဖြိုးဝေလင်း [၁၂/ဗတထ(နိုင်)၀၃၅၄၃၀]၊ ဒေါ်တင်ထားလွင် [၁၂/သကတ (နိုင်)၁၇၆၆၉၉]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးဖြိုးဝေလင်း၊ ဒေါ်တင်ထားလွင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြင့်မြင့်ဌေး LL.B.,LL.M.,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၇၉)**
**အမှတ်(၁၃၈) (မြေညီ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၆၃၄၆၃၆၊ ၀၉-၄၃၀၆၃၅၅၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ တက်သစ်ကျေးရွာအုပ်စု၊ တက်သစ်ကျေးရွာ၊ ဘုရားလမ်း၊ အမှတ်(၁၆၂) ဟုခေါ်တွင်သော (၂၀ x ၁၂၀) ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်တည်ရှိသော အဆောက်အဦ၏ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ထန်းတပင်မြို့နယ်တွင် နေထိုင်သူ ဒေါ်မာလာဆွေ [၅/ကလန(နိုင်)၀၄၇၅၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရွှေပြည်သာမြို့နယ်တွင် နေထိုင်သူ ဦးစိုင်းနေလှိုင် [၁၃/ကတန(နိုင်)၀၈၁၇၇၆]မှ (၅-၂-၂၀၂၄) ရက်နေ့တွင် အပြီးအပိုင် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဦးစိုင်းနေလှိုင် အမည်ပေါက် ပိုင်ဆိုင်ရေးအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အုံးအုံး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၁၀၆)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၅၈၇၇၂၁၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**“ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၄)လမ်း၊ တိုက်အမှတ်(၅၀၅)၊ (၅/ဘီ)လွှာ၊ အကျယ်အဝန်း(၁၄ပေx၅၅ပေ)အကျယ်ရှိ တိုက်ခန်းဥပစာနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား”** တရားဝင်ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဥမ္မာလွင် [၁၂/ဥကမ(နိုင်)၁၇၄၆၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရီရီမွန် [၁၂/ဥကမ(နိုင်)၁၉၆၂၁၉]တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့တင်ပြ၍ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိအောင် (LL.B ) (W.I.P.O)**
**အထက်တန်းရှေ့နေ (စဉ်- ၅၄၂၈၂)**
**အမှတ်(၉၄)၊ ပါရမီလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၄၂၀၄၂၄၃၈**

## “ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၉၂၈၊ ဧရိယာ(၀.၀၅၇)ဧကရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ်(၉၂၈) ဟုခေါ်တွင်သော မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နန်းကျော့လွင် [၁၂/ဥကတ(နိုင်)၀၁၁၈၃၀]နှင့် ဦးရွှန်းမြလွင် [၁၂/လမန (နိုင်)၀၃၈၁၁၁] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သက်ဆုလွင်မောင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၆၄)**
**ရုံးခန်းအမှတ်- ၅၊ ပထမထပ်၊ Strand Condominium၊**
**အမှတ်-၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၀၀၉၈၉၃**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ ဘုမ္မာ(၈)လမ်း၊ မြေကွက်အမှတ်(၄၃၃)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၄၃၄)နှင့် ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဦးအောင်ခိုင်(CE-၀၀၈၄၃၀)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် (မိတ္တူ)ခြမ်း မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ အမည်ပေါက်ပိုင်ရှင် (ဦးအောင်ခိုင်)၏ သမီးများဖြစ်သော ဒေါ်တင်တင်ဝင်း[၁၂/ဥကမ(နိုင်)၀၈၀၈၄၂]နှင့် ဒေါ်တင်တင်ထွေး[၁၂/ဥကမ(နိုင်)၀၈၀၈၄၃]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး(၂)(လစာနှုန်းကျပ် ၂၁၆၀၀၀- ၂၀၀၀- ၂၂၆၀၀၀)ရာထူး(၂၀)နေရာများအတွက် လျှောက်ထားနိုင်ရန်ခေါ်ယူခြင်းဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံရသူများအား (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀- ၂၂၆၀၀၀)တွင် ကနဦးလစာ ကျပ်၂၁၆၀၀၀/-ဖြင့် စတင်ခန့်ထားပါမည်။ ရွေးချယ်ခြင်းခံရသူများသည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသရုံးများ) တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ရမည်။

၃။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အနည်းဆုံးပညာအရည်အချင်းမှာ အောက်ဖော်ပြပါဘွဲ့တစ်ခုခု ရရှိသူများဖြစ်ရပါမည်-
  - (၁) ဝါဏိဇ္ဇဗေဒဘွဲ့ (B.Com)
  - (၂) စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) B.Econ (Economics)
  - (၃) စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ)B.Econ(Statistics)
  - (၄) စာရင်းကိုင်ပညာဘွဲ့(B.Act)
  - (၅) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)
  - (၆) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)
  - (၇) လူဦးရေပညာဘွဲ့(B.P.S)
  - (၈) ဖွံ့ဖြိုးရေးပညာဘွဲ့(B.Dev.S)
  - (၉) စီးပွားရေးသိပ္ပံဘွဲ့(B.B.Sc)
  - (၁၀) ဝိဇ္ဇာဘွဲ့(စီးပွားရေးသိပ္ပံ) B.A(BS)
  - (၁၁) ဝိဇ္ဇာဘွဲ့(စီးပွားရေးပညာ) B.A(Eco)
  - (၁၂) ဝိဇ္ဇာဘွဲ့(စီးပွားစီမံ) B.A(BM)
  - (၁၃) ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)
  - (၁၄) ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech)
  - (၁၅) သိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)B.Sc(Computer Science)
  - (၁၆) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A(English)
- (ဂ) ပြင်ပမှ ဝင်ရောက်ဖြေဆိုသူများအနေဖြင့် ၂၉-၂-၂၀၂၄ ရက်နေ့တွင် အသက်(၂၈)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၂၉-၂-၂၀၂၄ ရက်နေ့တွင် အသက်(၃၅) နှစ်ထက် မကျော်လွန်စေရ။ (သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။)
- (င) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် လက်ရှိရာထူးသက်(၂)နှစ် ပြည့်ပြီးသည့် အကြီးတန်းစာရေးနှင့် စာရင်းကိုင်(၃) များ သည် ဌာနတွင်းသတ်မှတ်ပညာအရည်အချင်းနှင့် ကိုက်ညီပါ က ဝင်ရောက်လျှောက်ထားနိုင်ပါသည်။ [အသက်(၃၈)နှစ်ထက် မကျော်လွန်စေရ။]
- (စ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း(Dismissal) ခံထားရသူများ လျှောက်ထားခွင့်မရှိပါ။
- (ဆ) ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်ထားသည့်စာရွက်စာတမ်းများကို စိစစ်ပြီးပါက သတ်မှတ်ချက်နှင့် ကိုက်ညီသူများသာ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများတွင် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတတို့ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာ ကျွမ်းကျင်မှုစစ်ဆေးခြင်းကို ထပ်မံဖြေဆိုရမည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်းလက်ခံ စဉ်းစားမည်မဟုတ်ပါ။

၆။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ငွေကျပ် ၁၀၀၀/- ပေးသွင်းရမည်ဖြစ်ပါသည်။ စာမေးပွဲဝင်ကြေးပေးသွင်းသူများသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် MD-010624 သို့ ငွေစာရင်းခေါင်းစဉ် ၃။ ၇။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ "၁။ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက်ရငွေများ၊ ၀၂။ဆောင်ရွက်ပေးမှုအတွက် ရငွေများ"ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး၊ စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင် "ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စိစစ်ရေးမှူး(၂) ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း"ဟုဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။ နယ်မှ ပေးသွင်းသူများသည် Fax- ငွေလွှဲဖြင့် ပေးပို့နိုင်သည်။

၇။ လျှောက်လွှာတွင်-
- (က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးသက္ကရာဇ်(အသက်)
- (ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
- (စ) ယခင်က နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းရှိ/ မရှိ၊ ရှိပါက မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်းနှင့် အလုပ်မှနုတ်ထွက်ခဲ့သည့်အကြောင်း
- (ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အလုပ်အကိုင်နှင့်ဌာန
- (ဇ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ
- (ဈ) ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းအမှတ်
- (ည) အမြဲတမ်းလိပ်စာအပြည့်အစုံ(မိဘနေရပ်)တို့ကို ဖော်ပြရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပူးတွဲပါရှိရမည်-
- (က) ဝင်ကြေးပေးသွင်းသည့်ချလန်(မူရင်း)
- (ခ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ဂ) ရရှိသည့်ဘွဲ့နှင့် အမှတ်စာရင်းမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ဃ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မိတ္တူမှန် ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (င) ပတ်စ်ပို့အရွယ်ဓာတ်ပုံငါးပုံ
- (စ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ဆ) ယခင်ကဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက သက်ဆိုင် ရာဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ
- (ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက် မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်
- (ဈ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင် မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ည) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၆)လအတွင်း ရယူထားသည့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း
- (ဋ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၆)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်မူရင်းတို့ ပါရှိရမည်။

၉။ လျှောက်ထားသူသည် လျှောက်လွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၏ website **www.mopf.gov.mm**တွင်ရယူလျှောက်ထား နိုင်ပါသည်။

၁၀။ လျှောက်လွှာများကို နေပြည်တော်ကောင်စီနယ်မြေမှ လျှောက်ထား သူများအတွက် ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၂၆)၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ လျှောက်ထားသူများအတွက် ညွှန်ကြားရေးမှူး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများသို့လိပ်မူ၍ လူကိုယ်တိုင် လာရောက်၍ လည်းကောင်း၊ မှတ်ပုံတင်စာပြုလုပ်၍လည်းကောင်း ၂၉-၂- ၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန် ဖြစ်ပါသည်။

၁၁။ ဝန်ထမ်းများသည် ဌာနအကြီးအကဲခွင့်ပြုချက်လက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန် ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၇-၃-၂၀၂၄ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ပါရန်၊ လျှောက်လွှာ မိတ္တူတစ်စောင်ကို ၂၉-၂-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန်နှင့် အသေးစိတ်သိရှိလိုပါက ရသုံးမှန်းခြေငွေစာရင်း ဦးစီး ဌာန(ရုံးချုပ်)၊ စီမံရေးရာဌာနစု၊ တယ်လီဖုန်းအမှတ်(၀၆၇-၃၄၁၀၅၃၀)သို့ ဆက်သွယ်မေးမြန်းရန်ဖြစ်ပါသည်။

---

## မင်းကွန်းတိပိဋက-နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့
## လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကစရေ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကစရေဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက် တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်း လျက်ရှိပါသည်။

| | | |
|---|---|---|
| ၁။ ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၁၀၀၀၀ဝ/- | ပိတ်ရက်မရှိ လှူဒါန်းနိုင်ပါသည် |
| ၂။ ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၂၀၀၀ဝ/- | |
| ၃။ ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀၀ဝ/- | |
| ၄။ စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀၀ဝ/- | |
| ၅။ ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်-၇၅၀၀၀ဝ/- | |
| ၆။ ကျောင်းရှိသံဃာအကုန် နေ့ဆွမ်း | ကျပ်-၁၅၀၀၀၀ဝ/- | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

၁။ တိ-နိ ရန်ကုန် တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
- မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
- KBZ BAHOSI BR Yangon. A/C No.061-301-06100094501 -ဦးသိန်းလှိုင်
- AGD Bank(MGTN), A/C 3240301000254013
- CB Bank A/C 0002600 1000 28851

AYA Bank A/C 40020682989

A Bank A/C-0014010200009553

ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၀၄၉၂၊ ၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၀၉-၄၄၃၁၉၇၉၉၅

၂။ တိ-နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၁၃၁၀၂၃-ဦးဝင်းဆွေ

၃။ တိပိဋက-နိကာယ မော်လမြိုင်ကျောင်းတိုက်၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမ၊ ရန်ကုန်။ ဖုန်း-၀၉-၄၄၃၁၉၇၉၉၅၊ ၀၉-၇၉၅၇၉၅၇၉၀

---

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၆၅)၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ ဦးစိုင်းအိုက်ခိုင် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို တရားဝင်ဝယ်ယူ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံကတိပြုသူ ဒေါ်မေဘယ်(လ်) (၁၂/သကတ(နိုင်)၁၁၈၁၃၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခိုင်ခိုင်စန်း** လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နှင်းနုလွင်**

(LL.B, D.B.L, D.I.L) (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)

အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

---

## ဒီကရီကို အတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## မင်္ဂလာဒုံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၁၅နှင့်ဆက်နွယ်သည့် ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၇၀

**GREENFEED VIETNAM Co., Ltd** နှင့် **ဦးရဲနိုင်ထွန်း**

**(တရားနိုင်)** **(တရားရှုံး)**

**အမှတ်-၁၂၆၁၊ မာလာလမ်းသွယ်၊ နှယ်နီလမ်းနှင့် မြဝတီလမ်း ကြား၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) တရားရှုံး ဦးရဲနိုင်ထွန်းသိစေရမည်။**

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၁၅ တွင်ကျရှိသည့် ဒီကရီ အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည် ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင် ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်၊ (ခုနှစ်၊ လ၊ ရက်)နေ့ မွန်းမတည့်မီ (၁၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်နေ့၌ ဤရုံးတော်တံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။**

**(အေးအေးသိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

---

## ပြင်ဆင်ဖတ်ရှုပါရန်

(၃၁-၁-၂၀၂၄) ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၂)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်မေမီလှိုင်၏ ကန့်ကွက်နိုင် ပါကြောင်း ကြေညာချက်၌ ဇေယျာ (၈)လမ်းဟုဖော်ပြချက် အစား ဇေယျာ(၈)လမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးထက်ဖြိုးဝေ [၇/ဖမန(နိုင်)၁၇၃၈၅၁] ၏ ပတ်စ်ပို့ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၄၆၄၇၉၉၀**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ တိုက်အမှတ် (၃၅)၊ ၇လွှာ (ခေါင်းရင်းခန်း)၊ အကျယ် (၁၅ပေ x အနံ ၆၀)ပေ ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင်သော အကျိုးခံစားခွင့်ရှိသူဖြစ် ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဘမြင့် [၁၀/မဒန (နိုင်) ၁၁၈၉၁၂] ကိုင်ဆောင်သူ ပိုင်ဆိုင်သော တိုက်ခန်းအား ဝယ်ယူရန်အတွက် ရောင်းဖိုး ငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက် လိုပါက ပိုင်ဆိုင်မှု အထောက်အထားနှင့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးဇာဏီထက်ကျော်**
**Ph: 09-793418205**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၃)၊ မြေကွက် အမှတ်(၅၉၂/က)၊ မြေကွက်တည်နေရာ အမှတ် - ၅၉၂/က၊ ဂရုဏ (၄)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ဦးစံညိမ်း (CE-036262) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးစံညိမ်း(ဖခင်)နှင့် ဒေါ်ရွှေ(မိခင်)တို့ ကွယ်လွန်ပြီး ၎င်းတို့၏မွေးဖွားတစ်ဦးတည်းသော သမီးတော်စပ်သူ ဒေါ်လဲ့လဲ့ဆွေ (ထပ်မံကွယ်လွန်)သဖြင့် ဒေါ်လဲ့လဲ့ ဆွေ၏ခင်ပွန်းဖြစ်သူ ဦးတင်ဝင်း[၁၂/ ဥကတ(နိုင်) ၁၅၇၇၅၀]မှ သားမက်၊ ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန် လွှာအမှတ်-၁၃၀၅/ ၂၀၂၃(၁၉-၁၀- ၂၀၂၃) ထောက်ခံကျမ်းကျိန်လွှာ(၂) စောင်၊ ဂရန်မီးလောင်ပျက်စီးကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာ၊ မီးလောင်ပျက်စီးဂရန်၊ နိုင်/ကတ်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခ၊ ဂရန်မီးလောင်ပျက်စီး ကြောင်း၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံ ချက်၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၏ ထောက်ခံချက်တို့တင်ပြ၍ ပိုင်ဆိုင် ကြောင်း မြေပုံကူးလျှောက်ထားလာမှု အပေါ်တရားဝင်ခိုင်လုံသောအထောက် အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၂၅)၊ ကျိတ်တန်းလမ်းနေ အထက-၄၊ အလုံ Grade-7 တွင် ပညာသင်ကြား နေသော မောင်သိန်းသန်းဆက်၏မိခင် မမြင့်မြင့်ခိုင်[၁၂/ထတပ(နိုင်) ၁၄၃၀၅၅]နှင့် ဒေါ်ထက်ထက်ခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## တရားလွှတ်တော်ရှေ့နေ ဒေါ်တင်တင်လှိုင်၊ ဦးကျော်ဆန်းဝင်း၊ ဒေါ်ခင်လေးငယ်၊ ဦးစုရက်ကူးမား (ဒေါ်ခင်လေးငယ်၏ အခွင့်ရကိုယ်စားလှယ်) နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ အလံပြဘုရားလမ်း၊ UNITED CONDO ပထမထပ်၊ အမှတ် ၂၀၂ နေ ဦးကျော်မင်းနှင့် ဦးမောင် မောင်ကျော်တို့မှ တရားလွှတ်တော်ရှေ့နေ ဒေါ်တင်တင်လှိုင်၏ ၂၈-၁-၂၀၂၄ ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ ၂၄ တွင်ပါရှိသော ကန့်ကွက်နိုင်ကြောင်း ကြေညာချက်နှင့်စပ်လျဉ်း၍ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ လူနေရပ်ကွက်(-)၊ မြေတိုင်း ရပ်ကွက်အမှတ်(၄)၊ မြေ ကွက်အမှတ် (၁၃/ခ)၊ အမှတ် ၇၊ ဘိုးရာဇာလမ်း၊ (၄၅ပေ x ၇၅ပေ) အကျယ်အဝန်းရှိ မြေဧရိယာ (၃၃၇၅ စတုရန်းပေ) နှစ်(၆၀)ဂရန်မြေအမျိုး အစားဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထား သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်စပ်လျဉ်း ၍ ဒေါ်ခင်လေးငယ်မှ သင်္ဃန်းကျွန်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် ၁၇၅/၂၀၂၃ ဖြင့် "သေတမ်းစာအတည်ပြု လက်မှတ်ထုတ်ပေးစေလိုမှု" စွဲဆိုခဲ့ရာ ဦးမောင်မောင်ကျော်နှင့် ဦးကျော်မင်းတို့မှ အမွေဆိုင်များအဖြစ် အဆိုပါအမှုတွင် ကန့်ကွက်လျှောက်ထားခဲ့ကြပါသည်။ အဆိုပါ တရားမကြီးမှုအမှတ် ၁၇၅/၂၀၂၃ တွင် ဒေါ်ခင်လေးငယ်မှ ဦးမောင်မောင်ကျော် နှင့် ဦးကျော်မင်း အပါအဝင် အခြား တရားပြိုင်သုံးဦးတို့အား အစ္စလာမ်လေ့ထုံးတမ်းဥပဒေအရ အမွေ၏သုံးပုံတစ်ပုံကို ခွဲဝေပေးမည်ဖြစ်ကြောင်း တရားရုံးတွင် တင်ပြခဲ့သော်လည်း ဒေါ်ခင်လေးငယ်မှ ယနေ့အချိန်အထိ ဦးမောင်မောင်ကျော်နှင့် ဦးကျော်မင်းတို့အား ခွဲဝေပေးခြင်းမရှိ သေးပါ။ ထို့ကြောင့် အထက်ပါပစ္စည်းစာရင်းသည် တရားလွှတ်တော်ရှေ့နေ ဒေါ်တင် တင်လှိုင်၏ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်ပါ ဒေါ်ခင်လေးငယ်မှ တစ်ဦး တည်း အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဖော်ပြကြေညာချက်သည် မှန်ကန်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ အထက်ပါပစ္စည်းစာရင်းနှင့်စပ်လျဉ်း၍ ဦးမောင်မောင်ကျော်နှင့် ဦးကျော်မင်းတို့အား ခွဲဝေပေးခြင်းမရှိသေးသည့်အခြေအနေတွင် ဒေါ်ခင်လေးငယ်မှ ဦးကျော်ဆန်းဝင်း အားလည်းကောင်း၊ အခြားသူတစ်ဦးဦးအားလည်းကောင်း လွှဲပြောင်းရောင်းချခြင်းသည် တရားမဝင်ပါကြောင်းနှင့် အဆိုပါလွှဲပြောင်းရောင်းချ ခြင်းတို့ကို ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မင်း၊ ဦးမောင်မောင်ကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်ကိုကိုဦး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၄၄၂/၂၀၁၆)**
**အမှတ်(၁၂)၊ အောင်သီရိ(၃)လမ်း၊ (၂၈)ရပ်ကွက် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။**
**Ph:09-423781196, 09-767533814**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-27-D၊ မြေကွက်အမှတ်- ၇အီး/၁/ဗွီ ၊ ဧရိယာ (၀.၁၀၅)ဧကရှိ ဂရန်ရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်(၂၇)၊ ဝင်ဆာဂါးဒင်းလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်သော **(၁) ဦးကျင်စိန်(ခ) ဦးကြည်စိန် [၁၂/ လသန(နိုင်)၀၀၃၄၁၉]နှင့် (၂) ဒေါ်ယုမာခိုင်(ခ) ဒေါ်ယုယုမာ [၇/ကတခ(ပြု)၀၀၀၀၂၁]တို့ (၂)ဦး**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၁)လမ်း၊ အမှတ်(၁၆)၊ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ပထမထပ်၊ (ခေါင်းရင်းခန်း)၊ (ညာ)၊ အကျယ်အဝန်း(၁၂.၅x၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ခင်မိုးကျော်[၁၂/လမန(နိုင်)၀၀၉၀၉၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်ချိုထွေး [၁၂/လကန(နိုင်)၁၇၆၈၅၀]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက် (LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၈၇၇၁၂၈၁၃၈၊၀၉-၄၂၀၀၉၉၄၆၄**

## ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈(ရွှေလင်ဗန်း)၊ မြေကွက်အမှတ်(၂၄၁)၊ ပေ(၆၀x၆၄)အကျယ်အဝန်းရှိ ဒေါ်ကြည်ကြည်စု [၁၂/ဥကတ(နိုင်)၀၂၉၁၈၂] အမည်ပေါက် ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖော်ပြပါ ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်တို့ကို သက်ဆိုင်ရာမြို့ပြမြေစာရင်းမှတ်တမ်းဌာနတွင် တရားဝင်အမည်ပေါက်သူ ဒေါ်ကြည်ကြည်စု[၁၂/ဥကတ(နိုင်)၀၂၉၁၈၂]ထံမှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းအပေါ် တရားဝင်အကျိုးသက်ဆိုင်သူဖြစ်ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်နိုင်ဝင်း LL.B, D.I.L** | **ဒေါ်တင်တင်ခိုင် LL.B, D.B.L, D.M.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၂၁၉)** | **(စဉ်-၈၀၀၈)** |

**အမှတ် (၁၃/ခ)၊ ၈-လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း-၀၉-၄၄၈၀၂၅ ၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မြောက်ဥက္ကလာပပြည့်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၃-၂၀၂၄)ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြောက်ဥက္ကလာပပြည့်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများအတွက် ဆေးဝါးများနှင့် ဆေးပစ္စည်းများ၊ Consumables များကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာ ရောင်းချမည့်ရက် - ၈-၂-၂၀၂၄(ကြာသပတေးနေ့)
တင်ဒါပိတ်မည့်ရက် - ၂၂-၂-၂၀၂၄(ကြာသပတေးနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြောက်ဥက္ကလာပပြည့်သူ့ဆေးရုံကြီး**
**ဖုန်း-၀၉-၇၉၆၆၅၅၇၉၇၊ ၀၉-၄၄၇၄၄၀၀၇၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ-၉၊ ဦးပိုင်အမှတ်(၁၈)၊ ၆၄(ဒီ)လမ်း၊ ၁၁၆ x ၁၁၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းဆွေ၊ ဒေါ်မြခင်တို့၏(SP ရရှိသူ ဒေါ်လှလှမိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၀၇၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မွှေးမွှေး (ခ) စိုးစိုးမြင့် [၉/မနမ(နိုင်)၀၀၀၂၂၆]၊ ဒေါ်ဝင်းပပထွန်း [၉/မရတ(နိုင်)၁၁၁၅၈၉]တို့က အမှုတွဲအမှတ် ၇၀၃၄/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈
## လှည်းကူးခရိုင်တရားရုံးတော်၌
## ၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃
## ကွယ်လွန်သူ ဒေါ်စန်းရီ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဦးထိုက်ထိုက်ဇော် **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်စန်းရီ၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးထိုက်ထိုက်ဇော်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်၊ (၁၃၈၅၊ တပို့တွဲလဆန်း ၆ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်စန်းရီ၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်စုံတစ်ရာသက်ဆိုင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်၊ (၁၃၈၅၊ တပို့တွဲလဆန်း ၆ရက်) နံနက်(၁၀:၀၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးထိုက်ထိုက်ဇော်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်နေမျိုး)**
**ခရိုင်တရားသူကြီး**
**လှည်းကူးခရိုင်တရားရုံး**

**"(၂၀-၁-၂၀၂၃) ရက်စွဲပါ "မိသားစုစီမံမှုဖြင့် ပစ္စည်းခွဲဝေပေးအပ်ရန် သဘောတူစာချုပ်" အရ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆-အီး)၊ မြေကွက်အမှတ် (၈-ဘီ/၁)၊ ဧရိယာ (၀.၅၅၆) ဧကရှိ မြေပိုင်မြေကွက်ပေါ်ရှိ ဒေါ်မေမေကြည် စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် (C) အမှတ်အသားပြ RC(၂) ထပ်အဆောက်အဦးနှင့်ပတ်သက်၍ သတိပေးတားမြစ်ခြင်းနှင့် အများသိစေရန် ကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် (၁၀) ရပ်ကွက်၊ အင်းယားလမ်း၊ အမှတ် (၁) နေ ဒေါ်မေမေကြည် (၁၂/ကမရ (နိုင်)၀၂၅၉၆၄) (ဘ) ဦးဘိုးစ ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ သတိပေးတားမြစ်ခြင်းနှင့် အများသိစေရန်ကြေညာခြင်းပြုသည်မှာ-

၁။ အထက်ခေါင်းစဉ်ရည်ညွှန်းအတိုင်းအတာဖော်ပြလိပ်စာပါ မြေကွက်နှင့်အဆောက်အဦးတို့သည် ကျွန်ုပ်တို့အား တရားဝင်ညွှန်ကြားချက်ပေးသူ ဒေါ်မေမေကြည် တစ်ဦးတည်းအမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင် လက်ဝယ်ရှိနေသည့် မြေနှင့်အဆောက်အဦးဖြစ်ပါသည်။

၂။ အထက်ရည်ညွှန်းအတိုင်းအတာလိပ်စာဖော်ပြပါ မြေကွက်နှင့်အဆောက်အဦးတို့သည် ကျွန်ုပ်တို့အား တရားဝင်လွှဲအပ်ညွှန်ကြားချက်ပေးသူ ဒေါ်မေမေကြည်မှ လွတ်လပ်စွာ၊ ရောင်းချပိုင်ခွင့်၊ အငှားချထားပိုင်ခွင့်၊ ပေးကမ်းပိုင်ခွင့်၊ လဲလှယ်ပိုင်ခွင့်၊ ပေါင်နှံပိုင်ခွင့်စသည့် စီမံပိုင်ခွင့်အပြည့်အဝရှိသော မြေကွက်နှင့်အဆောက်အဦးတို့ဖြစ်ပါသည်။

၃။ ထို့အပြင် ကျွန်ုပ်တို့အား တရားဝင်လွှဲအပ်ညွှန်ကြားချက်ပေးသူ ဒေါ်မေမေကြည် ၏ အတိအလင်းသဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ မြေကွက်နှင့်အဆောက်အဦးအတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ခြံဝန်းတံခါးများအား သော့ခတ်ပိတ်ဆို့ခြင်း၊ လက်ရှိလက်ဝယ်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မေမေကြည် ၏လွတ်လပ်စွာ စီမံခန့်ခွဲဆောင်ရွက်မှုများအပေါ် နှောက်ယှက်ဟန့်တားခြင်း၊ ကန့်ကွက်ခြင်း၊ မပြုလုပ်ရန်နှင့် ပြုလုပ်သူ မည်သူ့ကိုမဆို ဒေါ်မေမေကြည် ၏ ညွှန်ကြားချက်အရ ဥပဒေနှင့်အညီ မလွှဲမရှောင်သာဆောင်ရွက်ရပါလိမ့်မည်ဖြစ်ကြောင်း သတိပေးတားမြစ်ခြင်းနှင့် အများသိစေရန် ကြေညာမှုပြုအပ်ပါသည်။

ညွှန်ကြားချက်အရ -

| ဦးချစ်ကိုကို | ဦးအောင်မြင့်ထွန်း | ဦးအောင်ပြည့်ဖြိုးလွင် | ဦးသန်းထိုက်အောင် | ဦးတင်ထွန်းနိုင် |
|---|---|---|---|---|
| (စဉ်-၂၈၀၃/၁၉၈၄) | (စဉ်-၇၄၇၁/၂၀၀၇) | (စဉ်-၁၄၄၄၁/၂၀၁၈) | (စဉ်-၁၈၅၇၇/၂၀၂၃) | (စဉ်-၅၆၁၂၈/၂၀၂၃) |
| တရားလွှတ်တော်ရှေ့နေနှင့်နိုတာရီပဗ္ဗလစ် | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁၂၅၂၉၂၄၊ ၀၉-၅၁၀၁၂၈၂၊ ၀၉-၇၅၈၂၁၀၂၀၊ ၀၉-၇၈၀၂၁၂၃၂၅၊ ၀၉-၂၅၁၀၃၂၅၄၀၊ ၀၉-၇၉၆၆၄၉၉၈၁၊




## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်-ဓဓ-၃၊ ဦးပိုင်အမှတ်-၅၇(ခဲစင်း)၊ ၆၆x၆၇ လမ်း၊ ၁၃၀ x ၁၃၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးရွှေ [၉/မရတ(နိုင်)၀၂၃၂၆၃]၏ (SP ရရှိသူ ဒေါ်နုနုရီ)က အမှုတွဲအမှတ် ၇၀၁၈/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ လျှောက် ထား လာ ပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်-နန-၁၈၊ ဦးပိုင်အမှတ်(၈၁)၊ ၆၃ x ၆၄ လမ်း၊ စံပြ x သခင်ဖိုးလှကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူဦးတင်ကို [၅/အရတ (နိုင်) ၀၅၃၄၆၈]၊ ဒေါ်အုံးအုံးသန်း [၉/မနမ(နိုင်) ၀၁၃၄၂၁]တို့က အမှုတွဲအမှတ်-၇၀၂၆/၂၀၂၃-၂၀၂၄ ဖြင့်သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၁)ရပ်ကွက်၊ အမှတ်(၅၄)၊ ဦးစိန်သောင်းအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်ခိုင်ဝင်း[၁၂/လမန(နိုင်)၀၀၂၀၄၇]ကိုင်ဆောင်သူထံမှ ဒေါ်ဉာဏ်ဝင်းမော်[၅/တမန(နိုင်)၀၀၀၂၂၅]က ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ သတ်မှတ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဉာဏ်ဝင်းမော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဖြူဖြူမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၈၆)**
**အမှတ်(၁၅၇/၂)၊ နေကျော်လမ်းမ၊ နေကျော်ရပ်ကွက်၊ ကျွန်းကလေး၊ လှည်းကူးမြို့နယ်၊ လှည်းကူးခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၀၇၂၃၁၅**

## ကုမ္ပဏီအမှတ်တံဆိပ်မှတ်ပုံတင်သွင်းပြီးကြောင်း ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၂၀)ရှိ စာဂထိပ်ထားကုမ္ပဏီလီမိတက်၏ကိုယ်စား ကုမ္ပဏီဒါရိုက်တာတစ်ဦးဖြစ်သူ ဒေါ်ချိုသဇင်မိုး[၁၂/သကတ(နိုင်)၁၆၆၁၂၈] မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

SAR GA
GALLERY

ကုမ္ပဏီသည် ပန်းချီနှင့်ပတ်သက်သောပြခန်းများ ဖွင့်လှစ်ခြင်း၊ ပန်းချီကားချပ်များ ပြသရောင်းချခြင်း အစရှိသည့်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂၈-၁၂-၂၀၂၃)ရက်နေ့တွင် မှတ်ပုံတင်စာချုပ်အမှတ်-၁၁၆၉၆/၂၀၂၃ ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ရာ အမှတ်တံဆိပ်ကို အခြားသူတစ်ဦးဦးကဖြစ်စေ၊ အခြားအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ယင်းအမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ မှီငြမ်း၍တုပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သွယ်ဝိုက်၍တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် အကယ်၍ လုပ်ကိုင်ဆောင်ရွက်အသုံးပြုနေသူများအား တွေ့မြင်ကြားသိရပါက တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးအောင်ဖြိုးလတ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၅)**
**အမှတ်(၁၀၆)၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၇၀၀၅၂၁၈၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ မြေကွက်အမှတ်- ၆၀၊ မြေကွက်တည်နေရာ အမှတ်- ၆၀၊ ဗိုလ်ဇင်ယော်လမ်း၊ ၂၉ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးမောင်မောင်ကျော်) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား AD-003640 ဒဂုံမြို့သစ်ခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ်-၅၂/၂၀၂၃ ဖြင့် ဦးအောင်သန်းဦးမှ (တရားလို)ပြု၍ ဒေါ်မိမေ၊ ဦးမောင်မောင်ကျော်တို့အပေါ် (တရားပြိုင်)ထားကာ ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင် ပေးစေလိုမှုဖြင့် စွဲဆိုခဲ့ရာ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၁၈-၄-၂၀၂၃)ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်- ၆၆/၂၀၂၃ ၏ နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံမြေရာဇဝင်ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၃၁- ၈-၂၀၂၃)ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)တို့ တင်ပြ၍ ဘီလစ်အရာရှိ ဒေါ်ခင်ရူပလှိုင်မှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လင်မယားကွာရှင်းပစ္စည်းခွဲဝေပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းအုံ[၉/တသန(နိုင်)၀၆၃၄၂၁]၊ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ကြို့ပင်ကောက်မြို့၊ သဲကုန်းရပ်ကွက်၊ ကျီစုလမ်းနေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်သင်းအုံနှင့် ဦးသောင်းကြည် [၉/တသန(နိုင်)၀၆၄၇၂၆]တို့သည် အကြင်လင်မယားအဖြစ်ပေါင်းသင်းလာရာမှ သားသမီးသားယောကျ်ားလေးတစ်ဦးထွန်းကားခဲ့ပြီးနောက် တစ်ဦးနှင့်တစ်ဦးသဘောထားတိုက်ဆိုင်မှုမရှိ၍ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို(၃၀-၅-၂၀၂၃)နေ့တွင် နှစ်ဦးသဘောတူ သက်သေများနှင့်အတူလက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ပါသည်။(၃၀-၅-၂၀၂၃)နေ့မှာပင် လင်မယားနှစ်ဦးပိုင်ပစ္စည်းများကို သဘောတူခွဲဝေရယူခံစားခြင်းစာချုပ်ကိုပါ သက်သေများရှေ့လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်ပါသည်။ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သင်းအုံနှင့် ဦးသောင်းကြည်တို့သည် မည်သို့မျှသက်ဆိုင်ပတ်သက်မှုမရှိတော့ဘဲ ခွဲဝေပြီးပစ္စည်းများမှာ စာချုပ်ပါအတိုင်း သီးခြားလွတ်လပ်စွာ ပိုင်ဆိုင်ခွင့်အကျိုးခံစားခွင့်ရှိသွားကြပြီးဖြစ်၍ လင်မယားခန်း၊ ပစ္စည်းခန်းတို့အရ ကွာရှင်းပြတ်စဲခွဲဝေကြပြီးဖြစ်ပါသောကြောင့် တစ်ဦးနှင့်တစ်ဦး တစ်စုံတစ်ရာပတ်သက်ခြင်း အနှောင့်အယှက်ပြုတောင်းခံခြင်းများပြုလုပ်ရန်အကြောင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစိန်မြင့်** | **ဦးရွှေ** |
| **(စဉ်-၁၀၉၁၆)** | **(စဉ်-၅၅၉၃၈)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၈-၃၇၇၄၀၆**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၆၁)ရပ်ကွက်၊ ရတနာလမ်းပေါ်ရှိ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(1-A)ဟုခေါ်တွင်သော (၁၈)ထပ်တိုက်၏ အကျယ်အဝန်း(1200 Sqft) စတုရန်းပေရှိ တိုက်ခန်းအမှတ်(1505)၏ အကျိုးခံစားခွင့်နှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်း၏လက်ရှိပိုင်ဆိုင်ခွင့်ရှိထားသူ ဒေါ်သန်းသန်းဝင်း[၁၂/ဗဟန(နိုင်)၀၆၈၄၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်ခင်စန္ဒီမိုးဦး[၁၂/လမန(နိုင်)၁၃၈၈၇၇]ကအပြီးအပိုင်ဝယ်ယူရန်(၃-၂-၂၀၂၄)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်စွဲမှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်စိုး**
**LL.B, DL, 101 WIPO (SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၇၅)**
**အမှတ်(၉၄၄)၊ ၅-လွှာ၊ ယသဝတီလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ Ph:09-443148536, 09-420257767**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၃၊ မြေကွက်အမှတ် ၅၀၂၊ မြေကွက်တည်နေရာအမှတ်(၅၀၂)၊ (၈၃)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးသိန်းအောင်(ISN-၄၂၂၇၉၂)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးသိန်းအောင်(ISN-၄၂၂၇၉၂)ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဒေါ်သဲမာဦး[၁၂/ဒဂတ(ပြု)၀၀၀၅၆၁]မှ ပါမစ်မူရင်း(မူရင်းတုံးမပါ) တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် ကျောက်တိုင်၊ သံဆူးကြိုး၊ ခြံစည်းရိုးကာရံထားပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြထားပါသည်။ တင်ပြပါစာချုပ်များတွင် ဧရိယာ၊ သက်သေများနှင့်တန်ဖိုး ငွေနှင့်ရက်စွဲတို့မပါရှိခြင်းနှင့်ပတ်သက်၍ လျှောက်ထားသူမှ ၎င်းထံသို့ လွှဲပြောင်းရောင်းချခဲ့သူ ဒေါ်ဖြူဖြူခိုင်ထံမှ ဝယ် ယူစဉ်အချိန်ကတည်းက ပါမစ်မူရင်းနှင့်တကွအဆက်အစပ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်မူရင်းအားလုံးတို့ကို လက်ခံလွှဲပြောင်းရရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် ခြံမြေကွက်ပိုင်ဆိုင်မှုအရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက ၎င်းကိုယ်တိုင်ဥပဒေနှင့်အညီ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၆၇၂/၂၀၂၃(၁၉-၁၂-၂၀၂၃)တင်ပြလာပါသဖြင့် ဒေါ်သဲမာဦးမှ ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ အောင်ဆန်းပြည်သာယာတိုးချဲ့အပိုင်း(၃)၊ ဦးပိုင်အမှတ်(၁၃၅)၊ အကွက်အမှတ်(၁၄)၊ မြေချိန်ဧရိယာ(၀.၅၅)ဧကရှိသော ဦးစိန်သန်းအမည်ပေါက်ခြံမြေကွက်အား အရောင်းအဝယ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူခဲ့ပြီး တရားဝင်လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်လွင်လွင်နိုင် [၇/ပမန(နိုင်)၁၂၅၀၆၃]ကိုင်ဆောင်သူ၏ အထက်တွင်ဖော်ပြထားသော ခြံမြေကွက်အတွင်းမှ အလျား(၂၀)ပေxအနံ(၆၀)ပေမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ် ဦးအေးမိုး(ဘ)ဦးထွန်းအေး [၇/ပမန(နိုင်)၀၃၇၅၈၃]နှင့် ဇနီးဖြစ်သူ ဒေါ်သီတာစိုး(ဘ)ဦးမြတ်စိုး[၇/ပမန(နိုင်)၀၉၂၃၇၁]ကိုင်ဆောင်သူကအပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ(၇)ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအေးမိုး-ဒေါ်သီတာစိုး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၁၀)၊ ဦးပိုင်အမှတ်(၁၀၃)၊ ၁၁၂ လမ်းပေါ်၊ ၆၃ လမ်းနှင့် ၆၄ လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးမန်းဘဒူး၊ ဒေါ်ဟေမာကာလာတို့(၂)ဦးအနက် ခင်ပွန်းဖြစ်သူ ဦးမန်းဘဒူးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၃၀၁/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့်ဇနီးဖြစ်သူ ဒေါ်ဟေမာကာလာ[၉/မကန(နိုင်)၀၃၅၄၂၃]၏ (SP ရရှိသူ ဦးကျော်မင်းဌေး)က အမှုတွဲအမှတ် ၇၀၅၇/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၈-ရပ်ကွက်၊ အောင်ရတနာ(၁)လမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ အမှတ်(၁၈) ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀'x၆၀')မြေကွက်ပေါ်တွင် ဆောက်လုပ်ရန်ရှိသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အဦ၏ ကန်ထရိုက်တာ ဦးလှရွှေ [၁၂/ဒဂတ(နိုင်)၀၀၈၃၆၄] အကျိုးခံစားပိုင်ဆိုင်ရောင်းချခွင့်ရှိသော အကျယ်အဝန်း(အလျား၁၇' x အနံ၅၄') ရှိ ပထမထပ်(ခြေရင်းခြမ်း)ကို အရစ်ကျစနစ်ဖြင့် ရောင်းချရန် တိုက်ခန်းပိုင်ဆိုင်သူ ကန်ထရိုက်တာ ဦးလှရွှေ၏ ကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လွင်မာအောင် [၁၂/ဒဂတ(နိုင်)၀၇၇၀၉၉]က (ကြိုပွိုင့်)ဝယ်ယူရန် အတွက် ပထမအရစ် ငွေကြေးကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက် စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် (ဥပဒေတွဲ)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း-၀၉-၄၃၀၆၄၆၇၆၊ ၀၉-၇၇၄၃၀၆၄၆၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၁၊ မြေကွက်အမှတ်-၅၈၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၅၈)၊ ဘိုကလေးမြစ်လမ်းသွယ်(၁)လမ်း၊ (၉၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးချစ်ရင် [၁၂/မဂတ(နိုင်)၀၁၉၇၃၉] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးချစ်ရင်[၁၂/မဂတ(နိုင်)၀၁၉၇၃၉](ခင်ပွန်း)သည် (၆-၈-၂၀၂၁)ရက်နေ့တွင်ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်လှမူ[၁၂/မဂတ(နိုင်)၀၁၉၇၃၈]မှတရားဝင်ဇနီးတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကတိသစ္စာပြုလွှာအမှတ်-၁၉၃၅/၂၀၂၃ (၁၃-၁-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးချစ်ရင်၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားဂရန်၊ ဒေါ်ခင်လှမူထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၃၁၅၀/၂၀၂၂(၁၂-၁၂-၂၀၂၂)ဖြင့် ရရှိသူဒေါ်ရတနာချစ်[၁၂/မဂတ(နိုင်)၀၇၀၂၇၀]မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၂၊ မြေကွက်အမှတ်-၅၁၂၊ မြေကွက်တည်နေရာအမှတ်-၅၁၂၊ ၁၂၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (ဦးစိုးမြင့်)(DNU-၀၇၀၆၀၉)အမည်ပေါက် ပါမစ်မြေအားအမည်ပေါက် ကိုယ်တိုင်မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်/ရဲစခန်းတို့ထောက်ခံချက်၊ ပါမစ်မူရင်းမှာ အမှန်တကယ်ခြစားပျက်စီးသွားသည်မှာ မှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံချက်နှင့်ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပါမစ်(ခြကိုက်ပျက်စီး)ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင်ကျောက်တိုင်သွပ်ဆူးကြိုးကာရံထားပြီး ထရံကာဓနိမိုးအဆောက်အဦတစ်လုံးရှိပါသည်။ လူနေထိုင်ခြင်းမရှိပါ။ ကွင်းဆင်းသည်ကိုသိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ပါမစ်အမည်ပေါက် ဦးစိုးမြင့်ကိုယ်တိုင်မှ (ပါမစ်မူရင်းခြကိုက်ပျက်စီး)ကြောင်း တင်ပြရန်ဂရန်သစ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၀၊ လူနေရပ်ကွက်အမှတ် - ကံဘဲ့၊ မြေကွက်အမှတ် - ၈၄၊ ဧရိယာ (၀.၀၁၈) ဧက၊ အကျယ် (၂၀ x၄၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေ၏ခေါင်းရင်းခြမ်း၊ အကျယ် (၁၀ x၄၀)ပေ၊ မြေအမျိုးအစား - နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် - ၄၀ (က/ခ)၊ ထင်းရှူးမြိုင်လမ်း၊ ၉-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးဌေးအောင် [၁၂/ရကန(နိုင်)၀၃၁၂၆၅] နှင့် ဒေါ်ခင်ဆွေ [၁၂/ဥကတ (နိုင်) ၀၂၃၀၁၃] တို့မှပူးတွဲအမည်ပေါက်လျက်ရှိပြီး ၎င်းတို့ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် (၂၇-၁၀-၂၀၁၁) ရက်စွဲပါ အိမ်နှင့်မြေ အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်တို့အရ ဒေါ်သန်းသန်းအေး [၁၂/ရကန (နိုင်) ၀၃၂၆၄၄] က ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## လုပ်ငန်းအမည်အမှတ်တံဆိပ်သတိပေးကြေညာချက်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ နယ်မြေ (၁၀)၊ အမှတ်- ၄၄၃ နေ ဦးစိုးဝင်းအောင် (၁/မကန (နိုင်) ၁၃၂၄၆၈) ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

JK
Diamond & Jewellery

မှတ်ပုံတင်အမှတ်- ၃၄၃၂/၂၀၂၂ (၃-၁၁-၂၀၂၂)

အထက်ပါ " **JK** " **Diamond & Jewellery** လုပ်ငန်းအမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေမှ ၂၀၁၆ ခုနှစ်မှ စတင်၍ အသုံးပြုကာ မြစ်ကြီးနားမြို့၌ " **JK** " **Diamond & Jewellery** (အာမခံ စိန် ၊ ရွှေ ပလက်တီနမ်၊ ရတနာအရောင်းဆိုင်) အား ဖွင့်လှစ်ရောင်းချခဲ့ပါသည်။

ထို့နောက် အဆိုပါ " **JK** " **Diamond & Jewellery** လုပ်ငန်းအမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားအား မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၀၂၂ ခုနှစ်တွင် တရားဝင်မှတ်ပုံတင်၍ တစ်ဦးတည်းပိုင်အဖြစ်သုံးစွဲလျက် " **JK** " **Diamond & Jewellery** (အာမခံ စိန် ၊ ရွှေ ပလက်တီနမ်၊ ရတနာအရောင်းဆိုင်) များကို မြစ်ကြီးနားမြို့ နှင့် ရန်ကုန်မြို့ တို့၌ ဆိုင်ခွဲများဖွင့်လှစ်၍ **Facebook, Website, Internet, Telegram** တို့၌ ထည့်သွင်းကြော်ငြာကာ အရည်အသွေးစစ်မှန်ဒီဇိုင်းဆန်းသစ်လှပသော စိန်၊ ရွှေ ပလက်တီနမ် လက်ဝတ်ရတနာပစ္စည်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတဝှမ်းလုံး၌ တရားဝင်ရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါ " **JK** " **Diamond & Jewellery** လုပ်ငန်းအမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားအား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှသော်လည်းကောင်း (သို့မဟုတ်) လူအများမှသော်လည်းကောင်း (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုမှသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထပ်တူထပ်မျှ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ သံတူကြောင်းကွဲတုပသုံးစွဲခြင်း (သို့တည်းမဟုတ်) တုပမှတ်ပုံတင်ခြင်းတို့ ပြုလုပ်သုံးစွဲခွင့်မရှိပါကြောင်းနှင့် အကယ်၍ တုပပြုလုပ်သုံးစွဲခဲ့ပါလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်သတိပေးကြေညာအပ်ပါသည်။

ဦးစိုးဝင်းအောင် ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့ ၊လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ ခြံအမှတ်(၁၈)၊ တိုက်ခန်းအမှတ်(2-C)၊ ဒုတိယထပ်(အနောက်အရပ်)၊ အကျယ်အဝန်း (၁၀၅၀) စတုရန်းပေရှိ တိုက်ခန်း(၁) ခန်းနှင့် ကိုယ်ပိုင်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိကြောင်း ဝန်ခံအဆိုပြုလာသူ ဦးနေဝင်းသိန်း [၁၂/ ဒဂန(နိုင်)၀၁၀၂၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီမဲန်း[၄/ဟခန(နိုင်)၀၁၇၁၅၃]မှ (၆-၂-၂၀၂၄)ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်သဘောတူပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း) များနှင့် တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီမဲန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၂၄၂၄၈၂၂**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးကျော်သောင်း၏သား အောင်ကိုမြင့် [၁၁/ရဗန(နိုင်)၀၈၈၁၉၆]၏ နိုင်ငံကူးလက်မှတ်အမှတ်(MF104201)ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၆၇၀၄၄၈၈**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးသန်းရီ၏သား မောင်သန့်စင်ထွန်း [၁၁/ရဗန(နိုင်)၀၈၃၁၁၉]၏ နိုင်ငံကူးလက်မှတ်အမှတ် MH 138035 ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph-09-253818330**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများသည် မအူပင်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (Maubin Development Public Co., Ltd.) ၏ ရှယ်ယာရှင်များထံမှ ရှယ်ယာ 100% လုံးအား ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း ကုမ္ပဏီအက်ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်း ပြုပြင်ပြောင်းလဲခြင်းများဆောင်ရွက်တော့မည်ဖြစ်ပါသောကြောင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါကြောင်းနှင့် (၁၄) ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြတ်သီတာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၇၉) (၃၀-၄-၂၀၁၅)**
**အမှတ် (၇၁/၇၅)၊ ပြင်စည်မင်းသားကြီးလမ်းနှင့် မင်းကြီးမဟာမင်းခေါင်လမ်းထောင့်၊ လှိုင်သာယာစက်မှုဇုန်(၄)။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများအားလုံး တိုးတက်အောင် ဆောင်ရွက်နေရမည်ဖြစ်...**

❖ **မည်သည့်လုပ်ငန်းမှ ရပ်တန့်နေ၍မရ...**

❖ **ရပ်တန့်နေပါက ရပ်တန့်နေသည့် နယ်ပယ်၊ ရပ်တန့်နေသည့် ဒေသ ကျန်ခဲ့မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

### ယနေ့ ဖတ်စရာ

**AA အဖွဲ့ လုပ်ဆောင်နေသည့် တရားမဝင်လုပ်ငန်းများနှင့် ပတ်သက်၍ ထွက်ဆိုချက်များ**

စာမျက်နှာ » ၁၄

**ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့ရှိ နယ်မြေခံတပ်ရင်းအား KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တပ်မတော်သားများ၏ ရှပ်ရှပ်ချွံချွံ ခုခံတိုက်ခိုက်မှုကြောင့် အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေး**

စာမျက်နှာ » ၁၆

**မြင်းခြံမြို့နယ် ကန်ဆွယ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးတင်ရှို့ပြီး စစ်ဘေးရှောင်ပြည်သူ ၃၀၀ ခန့်ကို ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၇

## တောင်ကိုရီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဂျော်ဒန်အသင်း အာရှဖလားဗိုလ်လုပွဲ ပထမဆုံးအကြိမ်တက်လှမ်း

ဂျော်ဒန်အသင်းနဲ့ တောင်ကိုရီးယားအသင်းတို့ ဖေဖော်ဝါရီ ၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အာရှဖလားဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်မှာ ဂျော်ဒန်အသင်းက တောင်ကိုရီးယားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အာရှဖလား နောက်ဆုံး ဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့် ရရှိခဲ့ပြီဖြစ်ပါတယ်။

ဂျော်ဒန်အသင်းနဲ့ တောင်ကိုရီးယားအသင်းတို့ပွဲစဉ်မှာ ဂျော်ဒန်အသင်းက နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဂျော်ဒန်အသင်းအတွက် သွင်းဂိုးတွေကို ဒုတိယပိုင်းပွဲကစားချိန် ၅၃ မိနစ်မှာ အယ်လ်နေမက်က တစ်ဂိုး၊ ၆၆ မိနစ်မှာ အယ်လ်တာမာရီကတစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၆ ကော်လံ ၅သို့ ■



တောင်ကိုရီးယားအသင်းနှင့် ဂျော်ဒန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အင်ဒိုနီးရှားခြေစမ်းခရီးစဉ် ပထမဆုံးပွဲတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း အရေးနိမ့်



မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနှင့် အင်ဒိုနီးရှားလိဂ်ချန်ပီယံ Bintang Timur FC အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၇**

၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် အင်ဒိုနီးရှားနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် ဖေဖော်ဝါရီ ၇ ရက်က အင်ဒိုနီးရှားလိဂ်ချန်ပီယံ Bintang Timur FC အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ၁၁ ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အင်ဒိုနီးရှားခြေစမ်းခရီးစဉ် ပထမဆုံးခြေစမ်းပွဲတွင် ဂိုးပြတ် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် သုံးဂိုးပြတ်အရေးနိမ့်နေပြီး ဒုတိယပိုင်းတွင် ရှစ်ဂိုးပေး

စာမျက်နှာ ၁၆ ကော်လံ ၁သို့ ❖

## မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲ ဒုတိယနေ့ကို ဖေဖော်ဝါရီ ၇ ရက်က မင်္ဂလာဒုံမြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့❂

